# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၃၂၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုသာ ဖော်ဆောင်ကျင့်သုံးရမည်

နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်ဆစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး (၁) စဝ်စိုင်းငင်းနှင့် ဗဟိုအလုပ်အမှုဆောင် စဝ်ဆောင်းဟန်တို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေစဉ်အတွင်း ငြိမ်းချမ်းရေးခြေလှမ်းသစ်ကို စတင်ဖော်ဆောင်ရာတွင် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့သည်

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်ဆစ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ယနေ့ ဖတ်စရာ



မအိုင်ကျွန်းဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်တွင်းသတင်း စာ - ၉

အမေရိကန်ရဲ့ ရပ်တည်ချက် ဘယ်မှာလဲ

ဆောင်းပါး စာ - ၁၀

စားသောက်ကုန်ဈေးနှုန်းမြင့်မှုကြောင့် မလေးရှားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း ၄ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်

နိုင်ငံတကာသတင်း စာ - ၁၃

မြန်မာ့အလင်း

## နိုင်ငံရေးအရ ဖိအားပေးရန် ရည်ရွယ်သည့် ကြေညာချက်များ

ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ၊ အဖွဲ့အစည်းအချို့နှင့် နိုင်ငံအချို့က နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ်ကြေညာချက်များ ထုတ်ပြန်ခဲ့ခြင်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်းထန်စွာပယ်ချ၍ ရှုတ်ချလိုက်သည်။ စင်စစ် ယင်းပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် နိုင်ငံအချို့တို့အနေဖြင့် အမေရိကန်ပြည်ထောင်စုက ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များပေါ်သို့ အဏုမြူဗုံး ကြဲချခဲ့ခြင်းကြောင့် လူသိန်းနှင့်ချီ၍ တစ်ခဏအတွင်း သေဆုံးခဲ့ရပြီး နှစ်ပေါင်းများစွာ ဓာတ်ရောင်ခြည်သင့်မှုဒဏ်ကို ခံခဲ့ရသည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဩဂုတ်လ ၆ ရက်နေ့နှင့် ၉ ရက်နေ့တို့တွင် ကျင်းပခဲ့သင့်သည်။

မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးရန် ရည်ရွယ်သည့် ကြေညာချက်များ ထုတ်ပြန်ရာတွင် ရည်ညွှန်းခဲ့သည့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ဖြစ်စဉ်သည် ARSA အကြမ်းဖက်သမားများက ၎င်းတို့၏နောက်ကွယ်မှ ကြိုးကိုင်သူများ ချမှတ်ပေးလိုက်သည့် မဟာဗျူဟာ၊ နည်းဗျူဟာ ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း ၎င်းတို့တိုက်ခိုက်ခဲ့သည့် နယ်မြေအတွင်းမှ အပြစ်မဲ့ တိုင်းရင်းသားပြည်သူများ သေဆုံး၊ ဒဏ်ရာရခဲ့ခြင်းနှင့် အကြမ်းဖက်သမားတို့၏ ရက်စက်ကြမ်းကြုတ်မှုတို့မှာ ကမ္ဘာ့သတင်းမြင်ကွင်းအားလုံးတွင် ပျောက်ကွယ်နေခဲ့သည်။ တစ်ဖက်နိုင်ငံသို့ အစုလိုက်အပြုံလိုက် ထွက်ခွာခြင်း၊ နေအိမ်များ မီးရှို့ခြင်း စသည်တို့မှာလည်း ARSA အကြမ်းဖက်သမားတို့၏ ဇာတ်ညွှန်းများသာ ဖြစ်ခဲ့သည်။

အကြမ်းဖက်အဖွဲ့က လုံခြုံရေးစခန်း (Security Outposts) ၃၀နှင့် တပ်ရင်းဌာနချုပ်တစ်ခုတို့ကို တစ်ပြိုင်တည်း တိုက်ခိုက်ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြစ်မဲ့အရပ်သားများ သေဆုံးဒဏ်ရာရမှုတို့ ဖြစ်ပေါ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အရေးယူတုံ့ပြန်မှုများကို မဖြစ်မနေ ပြုလုပ်ခဲ့ရသည်။အကြမ်းဖက်အဖွဲ့အစည်း၏ ရည်ရွယ်ချက်ရှိရှိ အကွက်ချတိုက်ခိုက်မှုအတွင်း တိုင်းရင်းသားများနှင့် ဌာနေဟိန္ဒူဘာသာဝင်များ၏ အသက်အိုးအိမ် ထိခိုက်ဆုံးရှုံးမှုများ၊ အဓမ္မပြုကျင့်ခံရမှုများ၊ မတော်မတရားမှုနှင့် အကြမ်းဖက်မှုများက ကမ္ဘာ့သတင်းများဆီသို့ ရောက်မလာဘဲ မှိန်ဖျောက်ခံလိုက်ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တုံ့ပြန်တိုက်ခိုက်မှုနှင့် အကြမ်းဖက်အဖွဲ့က နည်းလမ်းမျိုးစုံ ခြိမ်းခြောက်မှုအပါအဝင် ၎င်းတို့နှင့်ဆက်နွယ်နေမှု၊ ပဋိပက္ခဖြစ်သည့် လူ့အဖွဲ့အစည်းနှစ်ရပ်အကြား ဆက်လက်နေထိုင်ရန် ကြောက်ရွံ့မှုစသည့်အကြောင်းများကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာမှုများကသာ ကမ္ဘာ့သတင်းဌာနကြီးများ၏ သတင်းများဖြစ်သွားကြသည်။

ARSA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုနှင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာမှုတို့ဖြစ်ပွားခဲ့သည်မှာ ငါးနှစ်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ယင်းကာလအတွင်း မြန်မာနိုင်ငံ၏ အပြုသဘောဆောင်ရွက်ချက်များ စွာရှိခဲ့သည်။ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများကိုလည်း အထောက်အထားများနှင့် စနစ်တကျ စိစစ်လက်ခံလျက်ရှိသလို မိမိတို့၏သဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာကြသူများလည်းရှိသည်။ မြန်မာနိုင်ငံဘက်သို့ ပြန်လာလိုကြောင်း အဆိုပြုနေကြသည့် ဟိန္ဒူဘာသာဝင်များစွာလည်းရှိနေသည်။ ဆိုခဲ့ပါဖြစ်စဉ်နှင့် အချက်အလက်များမှာ လာမည့်နှစ်များတွင်လည်း နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကြေညာချက်များ ထုတ်ပြန်ဦးမည်ဆိုပါက ထည့်သွင်းစဉ်းစားရန် လိုအပ်ချက်များပင် ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး |
|---|---|
| | ရာထူး၊ ဌာန |
| (၁) ဦးမျိုးညွန့်အောင် | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၂) ဒေါက်တာအေးအေးခိုင် | ပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## မှတ်သားဖွယ်ရာမိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၂၉

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ဂန့်ဂေါမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ မော်ဘီ (စိုက်ပျိုးရေးမိုးလေဝသ) တွင် ၁ ဒသမ ၅၀ လက်မ၊ ဆောမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ ကန့်ကြီးထောင့်မြို့တွင် ၁ ဒသမ ၁၂ လက်မ၊ ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တွင် ၀ ဒသမ ၇၅ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၆၇ လက်မ၊ အိမ်မဲမြို့တွင် ၀ ဒသမ ၅၉ လက်မ၊ ရန်ကုန် (မရမ်းကုန်း မြို့နယ်)နှင့် ဥက္ကံမြို့တို့တွင် ၀ ဒသမ ၅၅ လက်မစီနှင့် ဟားခါးမြို့တွင် ၀ ဒသမ ၅၁ လက်မ တို့ဖြစ်ကြသည်။ မိုး/ဇလ

## (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် ပါဝင်ယှဉ်ပြိုင်ရမည့် အဆင့်များ၊ ဘာသာရပ်များ၊ အဆိုနှင့် အတီး တေးသီချင်းအမည်များ ထုတ်ပြန်ကြေညာ

*(ယမန်နေ့မှအဆက်)*

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "နှဲ" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) အောင်မြေသာစံ (ပတ်ပျိုး)
- (ခ) နှင်းယွန်းဂိမ္ဗာန် (မွန်)
- (ဂ) ညင်းညင်း (မွန်)
- (ဃ) ကြံကြံဖန်ဖန် (ယိုးဒယား)
- (င) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (စ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (ဆ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- (ဇ) ညို့ညို့ဆိုင်းဆိုင်း (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ယမုန်နာ (ပတ်ပျိုး)
- (ခ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
- (ဂ) ရွှန်းရွှန်းမြ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (ခ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
- (ဂ) ဂန္ဓမာတောင် (ဘွဲ့)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မင်းလမ်းစပ်ကာ (ကြိုး)
- (ခ) ဟေမဝန်ချာ (ဘွဲ့)
- (ဂ) မုန်ရဝေ (ပတ်ပျိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
- (ခ) လာချေပြီ (ကြိုး)
- (ဂ) ထွေတလာ (ကြိုး)

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "ပလွေ" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) အောင်မြေသာစံ (ပတ်ပျိုး)
- (ခ) နှင်းယွန်းဂိမ္ဗာန် (မွန်)
- (ဂ) ညင်းညင်း (မွန်)
- (ဃ) ကြံကြံဖန်ဖန် (ယိုးဒယား)
- (င) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (စ) ထောင်ရောင်နေကသာ (သီချင်းခံ)
- (ဆ) မန်းတောင်လက်ယာ (ယိုးဒယား)
- (ဇ) ညို့ညို့ဆိုင်းဆိုင်း (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ချစ်သမျှကို (ပတ်ပျိုး)
- (ခ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (ခ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
- (ဂ) ဂန္ဓမာတောင် (ဘွဲ့)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မြန်ခန်းကျွန်းတွင်း (ကြိုး)
- (ခ) ဟေမဝန်ချာ (ဘွဲ့)
- (ဂ) လွမ်းဘွဲ့စေ (ပတ်ပျိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
- (ခ) လာချေပြီ (ကြိုး)
- (ဂ) ထွေတလာ (ကြိုး)

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "တယော" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) အိုသာတင့်ဆုံး (ယိုးဒယား)
- (ခ) အောင်မြေမြမန်း (ပတ်ပျိုး)
- (ဂ) ကန္တာလေတောခြေ (ယိုးဒယား)
- (ဃ) တောမြိုင်စွန်း (ယိုးဒယား)
- (င) မိုးလုံးပတ်လည် (ပတ်ပျိုး)
- (စ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
- (ဆ) မြန်ချာမြေကို (ပတ်ပျိုး)
- (ဇ) ခိုင်ပန်းစုံ မှုန်မာလာ (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ဆန်းနွေဦး (ယိုးဒယား)(သဖြန်မလို)
- (ခ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဂ) ကောက်စိုက်မ (စိန်ပါတီ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မေတ္တာဂုဏ် (ပြည်လှဖေ)
- (ခ) ဆန်းဆန်းသဏ္ဌာကြာညောင် (မိုးဘွဲ့ယိုးဒယား)
- (ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မြနန္ဒာ (ကာလပေါ်)(ဒေါ်စိန်ပါတီ)
- (ခ) ဖြေလျော့ခွေ (ပတ်ပျိုး)
- (ဂ) ရွှေဘုန်းရွှေဘုန်းတော်လေတည့်မှ (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) စက်လဲပျော်ပါနိုင် (ယိုးဒယား)
- (ခ) မေတ္တာလွမ်းခြုံ (မြန်မာ့အသံအဖွဲ့)
- (ဂ) ဇေယျာအောင်ချာ (ကြိုး)

*(ဆက်လက်ဖော်ပြပါမည်)*

# “ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) တို့ကိုအခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည် ”



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်ဆစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့နှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

❖ *ရှေ့ဖုံးမှ*

ပထမဆုံး လာရောက်ဆွေးနွေးခဲ့သည့်အဖွဲ့ဖြစ်ပြီး ပထမအကြိမ်ဆွေးနွေးမှု၌ အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်ကောင်းများကို ဖော်ဆောင်နိုင်ခဲ့သည့်အခြေအနေများ၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးမျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ **ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) တို့ကိုအခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်**သည့် အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေး ပြောကြားသည်။

- ❑ **ကမ္ဘာပေါ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သည့် နိုင်ငံအများအပြားရှိကြပြီး မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထား၊ အမျိုးသားရေး စရိုက်လက္ခဏာ၊ ယဉ်ကျေးမှုတို့နှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုသာ ဖော်ဆောင်ကျင့်သုံးဆောင်ရွက်ရန် လိုအပ်**
- ❑ **စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များပြည့်စုံရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပြီး ပညာတတ်များ ပေါကြွယ်ဝမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည့် အတွက် ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ**

### သဘောထားအမြင်များကို တင်ပြဆွေးနွေး

ထို့နောက် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဖက်ဒရယ်စနစ်ကျင့်သုံး ဆောင်ရွက်ရေး၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ ပြည်သူလူထုတို့၏ လူနေမှုဘဝမြှင့်တင်ရေး၊ လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများပပျောက်ရေးဆိုင်ရာများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သဘောထားအမြင်များကို တင်ပြဆွေးနွေးသည်။

### ရှင်းနီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေး

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏ ပထဝီဝင်အနေအထားအရ အရေးပါမှုနှင့် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်နေသည့်အခြေအနေများ၊ **ကမ္ဘာပေါ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သည့် နိုင်ငံအများအပြားရှိကြပြီး မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထား၊ အမျိုးသားရေး စရိုက်လက္ခဏာ၊ ယဉ်ကျေးမှုတို့နှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုသာ ဖော်ဆောင်ကျင့်သုံးဆောင်ရွက်ရန်လိုအပ်သည့်** အခြေအနေများ၊ **စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များ ပြည့်စုံရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပြီး ပညာတတ်များ ပေါကြွယ်ဝမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့်** အခြေအနေများ၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရှင်းနီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

### စုပေါင်းဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဘဲဥနှင့် ရာသီသီးနှံများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေး

**နေပြည်တော် ဩဂုတ် ၂၉**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုး မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်သီးစသည့် ရာသီသီးနှံများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ ကျောဖုံးမှ

ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား မော်စကိုမြို့ ရှိရီမီကျဲဗာ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

# ပြောင်းလဲလာသည့် လူကုန်ကူးပုံစံများကို လေ့လာအကဲဖြတ်ပြီး တားဆီးကာကွယ်ကြရမည်

နေပြည်တော် ဩဂုတ် ၂၉

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၂)ကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် တက်ရောက်အမှာစကား ပြောကြားသည်။** (အောက်ပုံ)




### ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်

အစည်းအဝေးသို့ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အသင်းအဖွဲ့ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗဟိုအဖွဲ့ဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ ကြိုတင်ကာကွယ်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများအကြား အချိတ်အဆက်မိမိ ပူးပေါင်းအကောင်အထည်ဖော်နိုင်စေရန်၊ မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ် စီမံကိန်းအပေါ် အလေးထားအကောင်အထည်ဖော်ရန်၊ ၂၀၂၂ ခုနှစ် လုပ်ငန်းစီမံချက်ကို ရာနှုန်းပြည့်အကောင်အထည်ဖော်နိုင်ရန်၊ လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန် ရည်ရွယ်ကာ ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မိမိတို့၏ ပင်မတာဝန်များကို ထမ်းဆောင်ရင်း နိုင်ငံ၏ အမျိုးသားရေးတာဝန်ဖြစ်သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

### လူသစ်စုဆောင်းမှုများ ပြုလုပ်လာ

ပြောင်းလဲလာသည့် လူကုန်ကူးပုံစံများကို လေ့လာအကဲဖြတ်ပြီး တားဆီးကာကွယ်ကြရမည်ဖြစ်ကြောင်း၊ လူကုန်ကူးမှုများသည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ပြောင်းလဲမှုများနှင့် ဆက်နွှယ်ဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း၊ အလွန်အမင်း ဆင်းရဲနွမ်းပါးမှု၊ ပိုမိုထိခိုက်လွယ်သော စီးပွားရေး၊ လူမှုရေးစံနှုန်းများနှင့် မိသားစုနောက်ခံများအပေါ် လူကုန်ကူးသူများက အလွဲအသုံးပြုကျူးလွန်သဖြင့် လူကုန်ကူးမှုများ ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်နေသော အင်တာနက်နည်းပညာများကို အသုံးပြု၍ လူကုန်ကူးသူများက လူသစ်စုဆောင်းမှုများ ပြုလုပ်လာကြောင်း။

၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်၌ အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၂၉ အရ အွန်လိုင်း၊ အီလက်ထရွန်နစ်ကို အသုံးပြု၍ လူကုန်ကူးမှုကျူးလွန်ခြင်းများကို ဖော်ထုတ်ဟန့်တားနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတကာအဆင့် ဒေသအဆင့် သဘောတူစာချုပ်များပါ ပြဋ္ဌာန်းချက်များ၊ ညီလာခံများနှင့် အစည်းအဝေးများမှ ဆုံးဖြတ်ချက်များအပါအဝင် အကောင်အထည်ဖော်ရမည့်အချက်များကို ပူးပေါင်းအကောင်အထည်ဖော်သွားကြရန် တိုက်တွန်းလိုကြောင်း။

အမေရိကန်အစိုးရ၏ ၂၀၂၂ ခုနှစ် လူကုန်ကူးမှုအစီရင်ခံစာတွင် မြန်မာနိုင်ငံကို အနိမ့်ဆုံးအဆင့် Tier-3 သတ်မှတ်ပြီး အကြံပြုချက်(၁၃)ချက် ဖော်ပြထားရှိရာ အဆိုပါအကြံပြုချက်များသည် မိမိတို့နိုင်ငံတွင် လက်တွေ့ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အချက်များ ဖြစ်ကြောင်း၊ အဆိုပါအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပကတိဆောင်ရွက်ချက်များအပေါ် ထင်ဟပ်မှုမရှိကြောင်း၊ ယခုအစည်းအဝေးမှ အနာဂတ်အတွက် အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ ဗဟိုအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက ၂၀၂၂ ခုနှစ် လုပ်ငန်းစီမံချက်၏ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ရာနှုန်းပြည့် ရလဒ်ကောင်းများရရှိရေး ပူးပေါင်းဆောင်ရွက်ကြရန်နှင့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ဝိုင်းဝန်းပူးပေါင်းဖြေရှင်းကြရန် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်မြို့နယ် ဝက်ထီးကန်အုပ်စု၌ ရေဘေးသင့်မိသားစုများအတွက် ထောက်ပံ့ငွေများပေးအပ်



ပြည် ဩဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဝက်ထီးကန်အုပ်စု ကွက်သစ် (၂) ရပ်ကွက်၌ ဩဂုတ်၂၇ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းများအတွင်း ရေဝင်များကာ ရေကြီးရေလျှံဖြစ်ပေါ်မှုကြောင့် ရပ်ကွက်ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၂၂ စုနှင့် ပျက်စီးနေအိမ် တစ်လုံးတို့အတွက် ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ထောက်ပံ့ငွေများ ပေးအပ်ရာတွင် ရေဘေးသင့်အိမ်ထောင်စု ၂၂ စုမှ မိသားစုဝင် ၇၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၅၉၆၀၀၊ တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်အတွက် အိမ်ပြုပြင်ရန်ငွေကျပ် ၅၀၀၀၀ နှင့် မိသားစုဝင် လေးဦးအတွက် ငွေကျပ် ၈၄၀၀ စုစုပေါင်းထောက်ပံ့ ငွေကျပ်၂၁၈၀၀၀ကို ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုနှင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းသိန်းတို့က လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ သိရသည်။ **(ယာပုံ)**

**ကိုဆက်(ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာန တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၂ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားဝင်းအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် က နှစ်ရှည်အရိပ်ရ မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပြီး ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်းပင် ၁၂၉ ပင်၊ အရိပ်ရလေကာပင်များဖြစ်သည့် မဟော်ဂနီပင် ၈၆ ပင်နှင့် ပိတောက်ပင် ၈၆ ပင် စုစုပေါင်း ၃၀၁ ပင် ကို ပါဝင်စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး **(ယာပုံ)** ဒုတိယအကြိမ်က စိုက်ပျိုးခဲ့သည့် ကျွန်းပင် ၅၂၅ ပင် ရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံး၊ ကျောင်းများအနေဖြင့် ယခုနှစ် မိုးရာသီကာလအတွင်း ပထမအကြိမ်နှင့် ဒုတိယအကြိမ်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် ၁၂၂၀၇ ပင် စိုက်ပျိုးခဲ့ပြီး ယခုတတိယအကြိမ်တွင် ရတနာတန်းဝင် ကျွန်းပင် ၈၂၉ ပင်နှင့် အရိပ်ရလေကာပင် ၁၁၆၇ ပင်၊ နှစ်ရှည်သီးနှံပင် ၃၀၇ ပင်၊ စုစုပေါင်း ၂၃၀၃ ပင်တို့အား စိုက်ပျိုးပြီးစီးခဲ့ကြောင်းနှင့် ရှင်သန်အောင်မြင်ဖြစ်ထွန်းရေးအတွက် ပြုစုထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





# လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဇီဝနည်းပညာ ထိရောက်စွာအသုံးပြုဆောင်ရွက်ရန် လိုအပ်ချက်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စုရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်မွေးမြူမှု ဖွံ့ဖြိုးရေးဌာနစု (ပေါင်းငူ) ၏ မျိုးသန့် နွားနှင့် သိုးငယ်များ ပြုစုပျိုးထောင်ခြင်း၊ မျိုးရည်ခဲချောင်း ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ နိုက်ထရိုဂျင် ခါတ်ငွေ့ရည် ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ နွားမေထုန်မဲ့သားစပ်ကျွမ်းကျင်သူ သင်တန်းများ ဖွင့်လှစ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ ပေါင်းငူပျား လုပ်ငန်းဌာန၏ မွေးမြူရေးပျားရည်ဖြစ်ကြောင်း ထောက်ခံချက်ပေးခြင်း၊ အမျိုးသားဓာတ်ကြွင်းအဆင့် စောင့်ကြည့်ရေး အစီအစဉ် (NRMP) အတွက် နမူနာပျားရည်များ ကောက်ယူခြင်း၊ ဓာတ်ခွဲစမ်းသပ်ရန် ပေးပို့ခြင်း၊ မျိုးကောင်းမျိုးသန့်ပျားဘုရင်မများ သဘာဝနည်းဖြင့် မွေးမြူခြင်းနှင့် မေထုန်မဲ့သားစပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အပင်ဇီဝ နည်းပညာဗဟိုဌာန၏ အခြေခံဇီဝနည်းပညာ အသုံးပြု၍ အပင်တစ်သျှူး မွေးမြူခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများ၊ သီးနှံ၏မျိုးဗီဇကို DNA နည်းပညာဖြင့် မှတ်တမ်းတင်ခြင်း၊ သီးနှံမျိုးများ အဆင့်မြှင့်တင်ခြင်းနှင့် မျိုးသစ်ထုတ်လုပ်ခြင်း၊ ခေတ်မီဇီဝနည်းပညာအသုံးပြုခြင်း၊ ပညာရှင်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း စသည့်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အပင်ဇီဝ နည်းပညာဗဟိုဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇီဝနည်းပညာ (Biotechnology) ထိရောက်စွာ အသုံးပြုဆောင်ရွက်ရန်နှင့် အပင်ဇီဝ နည်းပညာဗဟိုဌာနကို အမျိုးသားအဆင့်အပင်ဇီဝနည်းပညာဌာနအဖြစ် တက်လှမ်းနိုင်ရေး အားထုတ်ကြိုးပမ်းကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်နို့စားနွား မွေးမြူရေးသုတေသနနှင့် သရုပ်ပြခြံသို့ ရောက်ရှိကြပြီး တိရစ္ဆာန် အစာပင်အမျိုးမျိုး စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းများသည် မိမိအားပေးအပ်သည့် တာဝန်များကို လုပ်ငန်းစွမ်းဆောင်ရည်နှင့် စေတနာအပြည့်အဝဖြင့် ကျေပွန်စွာထမ်းဆောင်ကြရန်လို

နေပြည်တော် ဩဂုတ် ၂၉

**အခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၄) နှင့် အင်ဂျင်နီယာလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်းအမှတ်စဉ် (၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် စည်ပင်သာယာရေးကော်မတီရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)

သင်တန်းဖွင့်ပွဲတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အတွက် အချိန်ပြည့်ပေးဆပ်ရန် တာဝန်ရှိသလို နိုင်ငံတော်ကလည်း ဝန်ထမ်းများ၏ ရပိုင်ခွင့်နှင့် အကျိုးစီးပွားကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပံ့ပိုးထောက်ပံ့ပေးလျက်ရှိသည့်အတွက် ဝန်ထမ်းများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိပြီး မိမိအားပေးအပ်သည့် တာဝန်များကို လုပ်ငန်းစွမ်းဆောင်ရည်နှင့် စေတနာအပြည့်အဝဖြင့် ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ ပြည်သူလူထု၏အကျိုးစီးပွားကို စေတနာထား ဆောင်ရွက်ပေးခြင်းဖြင့် မွန်မြတ်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန်အတွက် ရိုးသားမှု၊ စနစ်တကျနေထိုင်မှု၊ ကြိုးစားလိုစိတ်ရှိမှု၊ အချင်းချင်း အထက်အောက် ရိုသေလေးစား တန်ဖိုးထားပြီး စည်းလုံးညီညွတ်စွာဖြင့် ညှိနှိုင်းတိုင်ပင် ပူးပေါင်းလက်တွဲဆောင်ရွက်လိုသည့် စိတ်ဓာတ်ကောင်းများ မွေးမြူထားရှိကာ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယခုသင်တန်းကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြားခြင်းဖြစ်ပြီး သင်တန်းကာလ ရက်သတ္တပတ် ရှစ်ပတ်ကို လုပ်ငန်းခွင်မပျက် သင်ကြားပေးသွားမည်ဖြစ်ကာ ပြင်ပဌာနများဖြစ်သော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပင်စင်ဦးစီးဌာန၊ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (နေပြည်တော်) တို့မှ လာရောက်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၉

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးအနည်းငယ်ပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်တင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်း

နေပြည်တော် ဩဂုတ် ၂၉

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်းကို ယနေ့ နံနက် ၁၀ နာရီက ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် Hybird စနစ်ဖြင့် ကျင်းပသည်။**



အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးနှင့် ဆေးနီးနွယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျင်းပပြီးစီးခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ ခြောက်လပတ်ကာလ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်း ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**

ထို့နောက် အဆိုပါအစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တင်ပြခဲ့သည့် ဝန်ကြီးဌာန၏ ခြောက်လတာကာလအတွင်း ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဆေးသုတေသန ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှုနှင့် ရရှိခဲ့သည့် အောင်မြင်မှုများ၊ အားသာချက်၊ အားနည်းချက်များနှင့် ပတ်သက်၍ လည်းကောင်း၊ ဆက်လက် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ အခြားတင်ပြချက်များအနေဖြင့် ကျန်းမာရေးဝန်ထမ်းများအတွက် ပညာရှင်ဘွဲ့ ချီးမြှင့်ငွေအပါအဝင် စားစရိတ်နှင့် ညစာ စားစရိတ်များကို နိုင်ငံတော်က တိုးမြှင့်၍ ချီးမြှင့်ပေးနိုင်ခဲ့သည့် အခြေအနေများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် အမှတ်စဉ်(၂) ဖြစ်သည့် လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဦးစီးဌာနအလိုက်၊ သက်ဆိုင်ရာကဏ္ဍအလိုက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆောင်ရွက်မှုမှတစ်ဆင့် ရရှိလာသည့် အတွေ့အကြုံများအပေါ် လေ့လာသုံးသပ်၍ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ယခုထက်ပိုမို တိုးတက် ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ လုပ်ငန်းများကို ယခုထက်ပိုမို ထိရောက်စွာ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း ရှင်းလင်းပြောကြားကြောင်း သိရသည်။ **သတင်းစဉ်**

# ထားဝယ်မြို့၌ ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်လှစ်

**ထားဝယ် ဩဂုတ် ၂၉**

တနင်္သာရီတိုင်းဒေသကြီး ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက်က ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံကြွယ်ဝမှု အကြားတွင် ရောက်နေသော လူငယ်များ အနေဖြင့်မြန်မာမှု၊ မြန်မာ့ဟန်၊ ကိုယ့်တိုင်းရင်းသားရိုးရာကျေးမှုများမှ ကင်းကွာ သွေဖည်မသွားရအောင် အလေးထား ဆောင်ရွက်နေကြောင်း၊ ထူးခြားချက်အနေဖြင့် ယခုနှစ်တွင် အဖွဲ့လိုက် အကပြိုင်ပွဲများဖြစ်ကြသော မွန်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာအက/ကျေးလက်ရိုးရာအက ပြိုင်ပွဲများ၊ ထားဝယ်တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအကနှင့် အခြေခံပညာအဆင့် အသက် (၁၀-၁၅) နှစ်၊ အမျိုးသမီး၊ အခြေခံကဗျာလွတ် (ပထမဆင့်) အက ပြိုင်ပွဲများကိုလည်း အနှစ်သာရ ကောင်းမွန်စွာ တွေ့မြင်ခံစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ထားဝယ်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအက၊ ကဗျာလွတ်အက၊ မွန်ရိုးရာအကများ၏ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များ၏ မိဘများနှင့် ဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။

တနင်္သာရီ တိုင်းဒေသကြီး ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အခြေခံပညာအဆင့် အသက် (၁၀-၁၅) နှစ်၊ (၁၅-၂၀) နှစ်၊ အဆင့်မြင့် ပညာအဆင့်၊ ဝါသနာရှင်အဆင့်တို့တွင် ပြိုင်ပွဲဝင် ၃၂ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကလေးသူငယ်များ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်၏အနာဂတ်ကို ကောင်းမွန်စွာဖန်တီးပေးနိုင်မည်

နေပြည်တော် ဩဂုတ် ၂၉

**မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူးအဖွဲ့၏ (၂/၂၀၂၂) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ခေါင်းဆောင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်နှင့် အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ရေးဆွဲနိုင်ခဲ့ပြီး လုပ်ငန်းစီမံချက် ပထမ ငါးနှစ် ကာလတို ၂၀၁၉-၂၀၂၃ စီမံချက်ကို ၂၀၁၉ ခုနှစ်ကစပြီး စက်မှုကုန်ထုတ်ကဏ္ဍနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍတို့ကို ဦးစားပေး နယ်ပယ်သတ်မှတ်ကာ ကနဦးနယ်မြေအဖြစ် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုအနက် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ခရိုင်၊ မြို့နယ်အဆင့်အထိ လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အတွင်းရေးမှူးအဖွဲ့ဝင်များသည် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းများ ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ ရှစ်ခု၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု၊ တိုးတက်မှု အခြေအနေများကို ပြန်လည်သုံးသပ်၍ လိုအပ်သလို လမ်းညွှန်မှုပြုနိုင်ရန် အမျိုးသားကော်မတီထံ တင်ပြရမည်ဖြစ်ကြောင်း။

ကလေးသူငယ်များ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်၏ အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးပေးနိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရလဒ်ကောင်းများ ရရှိစေရန်အတွက် အတွင်းရေးမှူးအဖွဲ့ဝင်များက သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုပြီး မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တင်ပြအတည်ပြုချက် ရယူနိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးအကြံပြုကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူးအဖွဲ့ လုပ်ငန်းတာဝန်ခံနှင့် တက်ရောက်လာကြသူများက ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်

**နေပြည်တော် ဩဂုတ် ၂၉**

မြန်မာ့ဘောလုံး အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှု အဆင့်အတန်းမြှင့်တင်ရေးနှင့် မျိုးဆက်သစ် ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ “၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ”ကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘောလုံး အားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးနေဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**





ယနေ့ မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ အကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဩဂုတ် ၃၀ ရက် မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာဘောလုံး အားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၂ ခုနှစ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား၊ အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

၂၀၂၂ ခုနှစ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား၊ အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။





အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးမျိုးလှိုင်နှင့် ဒေါက်တာစိုးဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအရာရှိကြီးများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက် အားပေးကြသည်။ **(အပေါ်ယာပုံ)**

အမျိုးသမီး ၄၈ ကီလိုတန်း ပြိုင်ပွဲတွင် အေးငြိမ်းထူး (အား/လူငယ်)နှင့် ထန်နွမ်းကိန် (အား/လူငယ်)တို့ ယှဉ်ပြိုင်ကစားကြရာ အေးငြိမ်းထူး (အား/လူငယ်)က လည်းကောင်း၊ အမျိုးသမီး ၅၀ ကီလိုတန်းပြိုင်ပွဲတွင် အိဖြူထွေး (ပြည်ထဲရေး)နှင့် မြမိုးသူ (ပြည်ထဲရေး) တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြမိုးသူ (ပြည်ထဲရေး)က လည်းကောင်း၊ အမျိုးသမီး ၅၂ကီလိုတန်း ပြိုင်ပွဲတွင် မေသဇင်ထူး (ပြည်ထဲရေး)နှင့် နန်းအေးဖွေးဟွမ်(ရှမ်း/တောင်ကြီးကလပ်)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ နန်းအေးဖွေးဟွမ် (ရှမ်း/ တောင်ကြီးကလပ်) က လည်းကောင်း၊ အမျိုးသမီး ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ထက်ထက်ခိုင်ဦး(ပြည်ထဲရေး)နှင့် ဆုမြတ်နိုး (PTC.ကလပ်)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ထက်ထက်ခိုင်ဦး (ပြည်ထဲရေး)က လည်းကောင်း၊ အမျိုးသမီး ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ကေသွယ်ငြိမ်း(PTC.ကလပ်) နှင့် ကိမ်ရှင်းဒိတ်ဆာန် (မန္တလေးတိုင်း) တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကေသွယ်ငြိမ်း (PTC.ကလပ်)က လည်းကောင်း၊ အမျိုးသား ၄၈ ကီလိုတန်းပြိုင်ပွဲတွင် မင်းဇော်ထွန်း(ကာကွယ်ရေး)နှင့် မောင်ရှိန်း (ပြည်ထဲရေး) တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မောင်ရှိန်း (ပြည်ထဲရေး)က လည်းကောင်း၊ အမျိုးသား ၅၁ ကီလိုတန်းပြိုင်ပွဲတွင် ပြည့်စုံ (တပ်မတော်-လေ) နှင့် လင်းထွဋ်ပိုင် (အား/လူငယ်) တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ လင်းထွဋ်ပိုင်(အား/လူငယ်) က လည်းကောင်း၊ အမျိုးသား ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ကျော်မင်းထွန်း(ပဲခူးတိုင်း)နှင့် ဇော်မြင့်မိုး (ပြည်ထဲရေး)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဇော်မြင့်မိုး(ပြည်ထဲရေး) က လည်းကောင်း၊ အမျိုးသား ၅၇ ကီလိုတန်းပြိုင်ပွဲတွင် နိုင်လတ် (အား/လူငယ်)နှင့် ဂေမောင်း (မန္တလေးတိုင်း)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ နိုင်လတ်(အား/လူငယ်) က လည်းကောင်း၊ အမျိုးသား ၆၀ ကီလိုတန်းပြိုင်ပွဲတွင် မင်းနိုင်ကျော်ဇင် (ပြည်ထဲရေး) နှင့် စောဘွယ်ကလို (ပြည်ထဲရေး)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ စောဘွယ်ကလို(ပြည်ထဲရေး)က လည်းကောင်း၊ အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်း ပြိုင်ပွဲတွင် ကျော်မင်းဦး (ကာကွယ်ရေး) နှင့် သီဟဇော် (အား/ လူငယ်) တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကျော်မင်းဦး (ကာကွယ်ရေး) က လည်းကောင်း၊ အမျိုးသား ၆၇ ကီလိုတန်းပြိုင်ပွဲတွင် ဖွဲ့ဝေလျှံဖြိုး(မန္တလေးတိုင်း)နှင့် သူရဖြိုး (Gold Camp)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဖွဲ့ဝေလျှံဖြိုး (မန္တလေးတိုင်း) က လည်းကောင်း၊ အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ဝင်းမင်းထွန်း (ကာကွယ်ရေး)နှင့် အောင်သူ (မန္တလေးတိုင်း) တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အောင်သူ (မန္တလေးတိုင်း)က လည်းကောင်း၊ အမျိုးသား ၇၅ ကီလိုတန်းပြိုင်ပွဲတွင် သုတ (မန္တလေးတိုင်း) နှင့် ရဲဝင်းနိုင် (ကာကွယ်ရေး) တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ သုတ (မန္တလေးတိုင်း)က လည်းကောင်း၊ အမျိုးသား ၈၀ ကီလိုတန်းပြိုင်ပွဲတွင် အောင်ဆွေမွန်(ပြည်ထဲရေး) နှင့် အောင်ပြည့်ဖြိုး (ကာကွယ်ရေး)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အောင်ဆွေမွန် (ပြည်ထဲရေး)က လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကီလိုတန်းအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့်ပူးတွဲ တတိယ ဆုရရှိခဲ့ကြသူများကို ဒုတိယ ဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရရှိခဲ့သော အေးငြိမ်းထူး (အား/လူငယ်)ကိုလည်းကောင်း၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက အမျိုးသား အကောင်းဆုံး အားကစားသမားဆုရရှိခဲ့သော စောဘွယ်ကလို (ပြည်ထဲရေး)ကို လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ် တစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။

လူငယ်/လူရွယ်များ လက်ဝှေ့ အားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေပြီး လက်ဝှေ့ အားကစားနည်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စိတ်ဓာတ်၊ စွမ်းရည်၊ သတ္တိနှင့် ပြည့်စုံ၍ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့ကိုယ်စားပြု သွေးသစ် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မူဆယ်မြို့၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်

**မူဆယ် ဩဂုတ် ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ဟိုမွန်ရပ်ကွက် ခရိုင်မီးသတ်ဦးစီးဌာန၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၂၂) ကို ဩဂုတ် ၂၉ ရက်နံနက် ၉ နာရီက ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက အမှာစကားပြောကြားပြီး ဒုတိယရှမ်းပြည်နယ် မီးသတ်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းစိုးက အဆိုပါသင်တန်းကို မျက်မှောက်ခေတ်ကာလမှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ဖြစ်ပွား ကြုံတွေ့နေရသည့် မီးဘေးအန္တရာယ်နှင့် ဘာဘာဝဘေးအန္တရာယ် အပါအဝင် အခြားအန္တရာယ်သက်ရောက်မှု ဖြစ်စဉ်များတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ရှေ့တန်းက ပူးပေါင်းပါဝင် ဆောင်ရွက်ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များကို လက်တွေ့လေ့ကျင့်သင်ကြားပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ကြောင်း ပြောကြားသည်။



ယင်းနောက် တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေး ဝတ်စုံများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းသင်တန်းကို ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၉ ရက် အထိ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကို သင်တန်းသား ၅၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းကို မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားများတက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇင်မောင်(မူဆယ်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝ ရှောင်ကြဉ်ပါ

# မော်လမြိုင်မြို့၌ အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**
မွန်ပြည်နယ်အတွင်းရှိ လူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်စေရန်နှင့် စိတ်ဓာတ်ရေးရာ မြင့်မားစေရန် ရည်ရွယ် ကျင်းပသည့် မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် (၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ရာမည အားကစားကွင်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ပြည်နယ်အတွင်း အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ အားကစား သင်တန်းများ ဖွင့်လှစ်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားနှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် မျိုးဆက်သစ် ကစားသမားများ ပေါ်ထွက်လာအောင် ပြုစုပျိုးထောင် မွေးထုတ်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာ့အားကစားကို အစွမ်းကုန်အားပေး ချီးမြှောက်လျက်ရှိပါကြောင်း၊ အားကစားသမားများအနေဖြင့် မိမိတို့၏ စွမ်းပကား အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ပါဝင်ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အသက်(၂၅) နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။



အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲတွင် မီတာ (၃၀၀၀၊ ၁၅၀၀၊ ၈၀၀၊ ၄၀၀၊ ၂၀၀) အပြေးပြိုင်ပွဲ၊ လက်ဆင့်ကမ်း၊ အလျားခုန်၊ သုံးဆင့်ခုန်၊ သံလုံးပစ်၊ သံပြားဝိုင်းပစ်၊ လှံတံပစ် စသည့် အားကစားနည်းများကို ဩဂုတ် ၂၉ ရက်မှ ၃၀ ရက်အထိ ရာမညအားကစားကွင်း၌ ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ ပြိုင်ပွဲဝင် ကစားသမားများက ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရာမည**

# ကောင်းမွန်သောရေနေသတ္တဝါ မွေးမြူရေးကျင့်စဉ် သင်တန်းဖွင့်

**ပဲခူး ဩဂုတ် ၂၉**
ကောင်းမွန်သော ရေနေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqP) သည် ငါးစတင်မွေးမြူသည့် အဆင့်မှ စတင်၍ စားသုံးသူထံရောက်ရှိသည့် အဆင့်အထိ ထုတ်လုပ်မှု အဆင့်ဆင့်တိုင်းတွင် ဘေးဥပဒ်အန္တရာယ်မဖြစ်စေဘဲ သန့်ရှင်းစွာ မွေးမြူထုတ်လုပ်ခြင်း ဖြစ်ကြောင်း၊ ရေနေသတ္တဝါများ မွေးမြူထုတ်လုပ်သည့် နေရာတွင် စံချိန်စံညွှန်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် မွေးမြူထုတ်လုပ်သည့် ကျင့်စဉ်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။




ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန သင်တန်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် ကောင်းမွန်သော ရေနေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqP) သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တစ်နေ့တခြား တိုးပွားလာသည့် လူဦးရေအတွက် ငါးစားနပ်ရိက္ခာ ပြည့်စုံဖူလုံဖို့ လိုအပ်ကြောင်း၊ သင်တန်းမှရရှိသည့် အတွေ့အကြုံများကို လက်ရှိလုပ်ငန်းခွင်နှင့် ပေါင်းစပ်ကာ ရေထွက်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ် တင်ပို့နိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို ဩဂုတ်၂၉ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည် ဖြစ်ပြီး ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqP) အထွေထွေမိတ်ဆက်ခြင်း၊ ဥပဒေ လုပ်ထုံးလုပ်နည်း ကိုက်ညီမှုနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အလေ့အထများ၊ ရာသီဥတုပြောင်းလဲမှုနှင့် ပြင်းထန်သော မိုးလေဝသ အခြေအနေများ၊ ရေသုံးစွဲမှုနှင့် စီမံခန့်ခွဲမှု၊ အလုပ်သမားများနှင့် လူမှုအသိုင်းအဝိုင်း၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ လုပ်ငန်းတည်နေရာ ရွေးချယ်ခြင်း၊ မျိုးစိတ်များ ရွေးချယ်ခြင်းနှင့် ထိန်းသိမ်းမွေးမြူခြင်း၊ သန့်ရှင်းကျန်းမာခြင်းနှင့် ရောဂါပိုးမွှားကင်းစင်ခြင်း၊ ဓာတုပစ္စည်းများနှင့် တိရစ္ဆာန်သုံးမွေးမြူရေးဆိုင်ရာဆေးဝါးများ၊ ငါးအစာစီမံခန့်ခွဲမှု ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါစီမံခန့်ခွဲမှု၊ မွေးကန်ဖော်ခြင်းနှင့် စီမံခန့်ခွဲမှုစသည်တို့ကို စာတွေ့/လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၉**
အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် သပြေရှောင်ကျေးရွာနေ စိုးလွင်သည် ၎င်းအသုံးပြုသည့် “Soe Lwin” Facebook အကောင့်၊ သရက်ချောင်းမြို့နယ် ကျောက်မြောင်းရပ်ကွက်နေ အောင်မျိုးဦးသည် ၎င်းအသုံးပြုသည့် “Aung Myo Oo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၉**
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို ချွေတာပါ

# မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ




**နေပြည်တော် ဩဂုတ် ၂၉**

"မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး ဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း ဖွင့်ပွဲ အခမ်းအနား"ကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က တိုင်းဒေသကြီး/ပြည်နယ်များတွင် မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများ ၁၄ ခု ဖွင့်လှစ်၍ မူးယစ်ဆေးဖြတ်ကုသမှုခံယူပြီးသူများကို ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ သုံးစွဲသော ဆေးဝါးအလိုက် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ဝါသနာပါရာ သက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်းနှင့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများ၏ အကူအညီဖြင့် နောက်ဆက်တွဲ စောင့်ရှောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများရှိ ပြန်လည်ထူထောင်ရေးဝန်ထမ်းများသည် ပြောင်းလဲလျက်ရှိသော နည်းပညာ၊ ဗဟုသုတ၊ လုပ်ငန်းစဉ်များနှင့်အညီ ပြန်လည်ထူထောင်မှု ခံယူမည့် သင်တန်းသားများကို စနစ်တကျ ပြန်လည်ထူထောင်မှု ပေးနိုင်မည်ဖြစ်သည့်အတွက် ယခုသင်တန်းကို ဖွင့်လှစ်ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း။

မူးယစ်ဆေးဖြတ်ပြီးသူများကို ပြန်လည်ထူထောင်မှု ဆောင်ရွက်ရာတွင် ဝန်ဆောင်မှုပေးသူများ အနေဖြင့် စွမ်းရည်ပြည့်ဝနေရန် အလွန်အရေးကြီးပါကြောင်း၊ ဝန်ဆောင်မှု ပေးနေသူများ စွမ်းရည်ပြည့်ဝနေပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ထိရောက်သော ဝန်ဆောင်မှုပေးခြင်းဖြင့် နောက်တစ်ကြိမ် မူးယစ်ဆေးသုံးစွဲခြင်းမှ တားဆီးကာကွယ်နိုင်မည် ဖြစ်ပါကြောင်း၊ မူးယစ်ဆေးစွဲသူများကို ပြန်လည်ထူထောင်မှုပေးရာတွင် တစ်ဦးချင်းအလိုက်၊ အုပ်စုလိုက် စိတ်လူမှုပိုင်းဆိုင်ရာ Counselling ပေးခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှု ပေးခြင်းတို့သည် အရေးကြီးပါကြောင်း၊ ထို့ပြင် Self Learning ပြုလုပ်ပြီး ဘာသာရပ်များအလိုက် မိမိတို့အရည်အသွေးကို မိမိတို့ ကိုယ်တိုင်မြှင့်တင်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ၌ မူးယစ်ဆေးဝါး တားဆီးကာကွယ် နှိမ်နင်းရေးရဲတပ်ဖွဲ့၊ ဥပဒေရေးရာဌာန၊ မူးယစ်ဆေးစွဲရောဂါ ကုသရေးနှင့် သုတေသနဌာန၊ မူးယစ်ဆေးစွဲ ရောဂါသုတေသန အသင်း (ရန်ကုန်)၊ ပြင်ပကျွမ်းကျင် ပညာရှင်များနှင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာနတို့မှ ဘာသာရပ်အလိုက် ကျွမ်းကျင်သူများက သင်တန်းနည်းပြများအဖြစ် သင်ခန်းစာများ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ၅ ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မအိုင်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ-(င)အရ အပ်နှင်းထား သော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက ၃၃၄၀ ရှိသော နယ်မြေကို "**မအိုင်ကျွန်း ဒီရေတော ကြိုးပြင်ကာကွယ်တော**"အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၃၁/၂၀၂၂)အရ ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် (၂၀၂၂ ခုနှစ် ဩဂုတ် ၂၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။



မအိုင်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တော တည်ထောင်ခြင်းဖြင့် ဒီရေတောဂေဟစနစ်ကို ရေရှည်တည်တံ့စေခြင်း၊ ဒီရေတောပင်များသည် ကပ္ပလီပင်လယ်ပြင်မှ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို တံတိုင်းသဖွယ် တားဆီးကာကွယ်ပေးနိုင်ခြင်း၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ပုစွန် စသောရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ခြင်း၊ ကမ်းရိုးတန်းဒေသ ရေရှည်တည်တံ့စေရေးကို အထောက်အကူပြုနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်လေထုမှ ကာဗွန်များစွာ သိုလှောင်ထိန်းညှိပေးနိုင်ခြင်း၊ လူသားတို့၏ စနစ်မကျသော မြေအသုံးချမှုများအား သစ်တောဥပဒေနှင့်အညီ ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရန်နှင့် သစ်တောဖုံးလွှမ်းမှုဧရိယာ တိုးပွားလာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

မအိုင်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော ဧရိယာအတွင်း လမု၊ သမဲ့၊ ကန့်ပလာ၊ ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ မဓမ၊ ပင်လယ်အုန်း၊ ခရာ အစရှိသည့်ဒီရေတောပင်များ ပေါက်ရောက်နေပြီး ရေငန်ငါးအမျိုးမျိုး၊ ပုစွန်၊ ကဏန်း၊ ခရုစုပ်ငှက်၊ နှုတ်သီးဝိုင်း ရေညောင့်ငှက်၊ ဝန်ပိုငှက်၊ တောဘဲ၊ ဒင်ကျီးငှက်တို့ ကျက်စားရာဒေသဖြစ်သည့်အပြင် ဒေသခံများအတွက် ဆူနာမီမုန်တိုင်း အစရှိသော သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း၊ သား၊ ငါး၊ ပုစွန်များ ခိုအောင်းပေါက်ပွား ရှင်သန်နိုင်သဖြင့် ဂေဟစနစ်ပိုမိုကောင်းမွန်လာနိုင်ပြီး ဒေသခံများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားလာစေခြင်း၊ ဒေသခံများအတွက် အခြေခံလိုအပ်သည့် သစ်၊ တိုင်၊ ထင်းလောင်စာများအတွက်လည်း အထောက်အကူပြုစေနိုင်ခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

❖ *ကျောဖုံးမှ*

ဖြစ်ကာ အနိုင်ရသည့်တစ်သင်းသာ နောက်ဆုံးအဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ အဆင့်သတ်မှတ်ချက် အနိမ့်ဆုံး နှစ်သင်းဖြစ်သည့် တီမောနှင့် ဘရူနိုင်းအသင်းမှာ ခြေစစ်ပွဲကစားရမည် ဖြစ်ပြီး လက်ရှိချန်ပီယံ ထိုင်းအပါအဝင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ မြန်မာ၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် တီမောအသင်းတို့မှာ နောက်ဆုံးအဆင့်မှ တိုက်ရိုက်ကစားခွင့် ရမည်ဖြစ်သည်။ အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်အရ Pot-1 တွင် လက်ရှိချန်ပီယံ ထိုင်းနှင့် ဗီယက်နမ်၊ Pot-2 တွင် အင်ဒိုနီးရှားနှင့် မလေးရှား၊ Pot-3 တွင် စင်ကာပူနှင့် ဖိလစ်ပိုင်၊ Pot-4 တွင် မြန်မာနှင့် ကမ္ဘောဒီးယား၊ Pot-5 တွင် လာအိုနှင့် ခြေစစ်ပွဲအောင်အသင်းတို့ ပါဝင်နေသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပမည်ဖြစ်ပြီး ငါးသင်း၊ နှစ်အုပ်စုခွဲ၍ ပြိုင်ပွဲဝင်တစ်သင်းလျှင် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်း နှစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယနေ့ပြုလုပ်မည့် အုပ်စုမဲခွဲပွဲတွင် ပြိုင်ပွဲကျင်းပမည့်ရက်ကိုပါ တစ်ပေါင်းတည်း ထုတ်ပြန်သွားမည်ဖြစ်သည်။

AFF Mitsubishi Electric Cup 2022 ပြိုင်ပွဲမှာ အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်ပြီး လက်ရွေးစင် အမျိုးသားအသင်းများအတွက် တစ်ခုတည်းသော ပြိုင်ပွဲလည်းဖြစ်သည်။ ယခင်က တိုက်ဂါးဖလားပြိုင်ပွဲ၊ အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲ၊ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အမည်များဖြင့် ကျင်းပခဲ့ပြီး စပွန်ဆာ အပြောင်းအလဲကြောင့် ယခုနှစ်မှ စတင်ကာ AFF Mitsubishi Electric Cup ပြိုင်ပွဲ အမည်ဖြင့် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**

## မြန်မာ ယူ-၁၉အသင်းခြေစမ်းပွဲတွင် တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်းကို အနိုင်ရ

**ရန်ကုန် ဩဂုတ် ၂၉**

၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အသင်းနှင့် ကျင်းပပြီးစီးခဲ့သည့် ၂၀၂၂ တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉ ဘောလုံးပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သည့်ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်းတို့၏ ခြေစမ်းပွဲ ပထမပွဲစဉ်ကို ဩဂုတ် ၂၉ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာ ယူ-၁၉ လက်ရွေးစင်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အာရှဖလား ယူ-၂၀ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အသင်းကို ပဏာမကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်းထားကာ နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်နေပြီး ခြေစစ်ပွဲမတိုင်မီ ပထမဆုံး ခြေစမ်းပွဲကစားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ လက်ရွေးစင်အသင်းသည် ခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ရန် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ရလဒ်ပိုင်းထက် ကစားသမားများ၏ ခြေစွမ်း နှင့် ကစားကွက်ကို အဓိကစမ်းသပ်ခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉ ပြိုင်ပွဲတွင် ခြေစွမ်းပြသသည့် အသက် ၁၉ နှစ်အောက် ကစားသမားများအနေဖြင့် မြန်မာနေရှင်နယ်လိဂ် ကလပ်များတွင် ပါဝင်ကစားနိုင်မည့် အခွင့်အရေး ရရှိစေရေး၊ သက်တမ်းအလိုက် မြန်မာ့လက်ရွေးစင်အသင်းများအတွက် ကစားသမားရွေးချယ်ရာတွင် အထောက်အကူဖြစ်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် ယခုခြေစမ်းပွဲကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉ အမျိုးသားဘောလုံးအသင်းကို ကစားသမား ၂၉ ဦးဖြင့် ဖွဲ့စည်းထားပြီး ကရင်ပြည်နယ်အသင်းနည်းပြ ဦးသိန်းဇံနှင့် မွန်ပြည်နယ်အသင်းနည်းပြ ဦးမင်းသူ၊ ဂိုးနည်းပြအဖြစ် ကရင်ပြည်နယ်အသင်းမှ ဦးသူရနိုင်တို့က တာဝန်ယူဆောင်ရွက်နေခြင်း ဖြစ်သည်။

**ရဲရင့်လွင်**

# အမေရိကန်ရဲ့ ရပ်တည်ချက် ဘယ်မှာလဲ

ပြီးခဲ့တဲ့ ဩဂုတ်လ ၂၄ ရက်နေ့က မြန်မာနိုင်ငံမှာ လူမျိုးတုံးသတ်ဖြတ်မှု ငါးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါတယ်။ အမေရိကန်ရဲ့ သတင်းထုတ်ပြန်ချက်မှာဆိုရင် ဘင်္ဂါလီတွေကို မြန်မာစစ်တပ်က ရက်စက်ကြမ်းကြုတ်တဲ့ စစ်ဆင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါစစ်ဆင်ရေးကြောင့် ဘင်္ဂါလီ ခုနစ်သိန်းကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းကို ထွက်ပြေးခဲ့ရကြောင်း၊ မြန်မာစစ်တပ်ရဲ့လုပ်ရပ်ဟာ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုဖြစ်တယ်လို့ စွပ်စွဲထားပါတယ်။ ဒါ့အပြင် လက်ရှိနိုင်ငံရေးပဋိပက္ခနဲ့ပတ်သက်လို့လည်း ထည့်သွင်းထုတ်ပြန်ထားပါတယ်။

ဇင်ငြိမ်း

### အမေရိကန်နိုင်ငံ ဘာလဲ၊ ဘယ်လဲ

အမေရိကန်က မြန်မာနိုင်ငံအပေါ် စွပ်စွဲမှုတွေ ဘာကြောင့်လုပ်နေရလဲ၊ အမေရိကန်က ဘာရည်ရွယ်ချက်အတွက် ဘင်္ဂါလီကိစ္စကို ဒီလောက်အထိ ပါဝင်ပတ်သက်နေရတာလဲ၊ အမေရိကန်က တကယ့်ကို လူသားချင်းစာနာထောက်ထားမှု လိုလားလို့လား၊ မြန်မာပြည်သူတွေ အကျိုးအတွက်လားဆိုတာ စိတ်ဝင်စားဖို့ အလွန်ကောင်းပါတယ်။ ဒီအချက်တွေကို ဆန်းစစ်ကြည့်ရင် အမေရိကန်နိုင်ငံ ဘာလဲ၊ ဘယ်လဲဆိုတဲ့ အမေရိကန်ရဲ့ ရုပ်လုံးအသွင်သဏ္ဌာန်နဲ့ ဦးတည်ရာကို ပုံဖော်နိုင်မှာ ဖြစ်ပါတယ်။ အမေရိကန်ဟာ ဒီလိုရုပ်လုံးအသွင်သဏ္ဌာန်နဲ့ မြန်မာ့အရေးတစ်ခုတည်းမှာပဲ စွက်ဖက်နေတာတော့ မဟုတ်ပါဘူး။ ကမ္ဘာပတ်ပြီး ဝင်ရောက်စွက်ဖက်နေတာ ဖြစ်ပါတယ်။ အထူးသဖြင့် သူ့ရဲ့ မဟာပြိုင်ဘက်တွေဖြစ်တဲ့ ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ နယ်နိမိတ်ဆက်စပ်နေတဲ့ နိုင်ငံတွေ၊ ရုရှားနဲ့တရုတ်အတွက် စီးပွားရေး၊ စစ်ရေးအရ မဟာဗျူဟာကျတဲ့နိုင်ငံတွေ၊ စွမ်းအင်အချက်အချာကျတဲ့နိုင်ငံတွေကို ပစ်မှတ်ထားပြီး လုပ်ဆောင်နေတာ တွေ့နိုင်ပါတယ်။ ဒီလိုလုပ်နိုင်ဖို့အတွက် အမေရိကန်နိုင်ငံရဲ့ လက်သုံးစကားက ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှုနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုတဲ့ စကားတွေပဲ ဖြစ်ပါတယ်။ ဒီစကားတွေရဲ့ နောက်ကွယ်က ဦးတည်ချက်ကတော့ အမေရိကန်နိုင်ငံရဲ့ ကိုယ်ကျိုးစီးပွားကာကွယ်ရေးနဲ့ ကိုယ်ကျိုးစီးပွားမြှင့်တင်ရေးသာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း နိုင်ငံတကာမှာ အမေရိကန်ရဲ့ဗိုလ်ကျစိုးမိုးတဲ့ လုပ်ရပ်တွေကို ပြစ်တင်ရှုတ်ချနေကြတာ တွေ့နိုင်ပါတယ်။ အမေရိကန်နိုင်ငံဟာ ကမ္ဘာမှာဒီမိုကရေစီ အထွန်းကားဆုံးနိုင်ငံဖြစ်ပေမယ့် ကိုယ်ကျိုးစီးပွားနဲ့ပတ်သက်လာရင် ဒီမိုကရေစီစနစ်ဆိုတာ အမေရိကန်နိုင်ငံရဲ့ လက်ကိုင်တုတ်တစ်ခုပဲ ဖြစ်ပါတယ်။ ဒီလိုပဲ လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုတာတွေဟာ အမေရိကန်က အကြောင်းပြချက်အဖြစ် အသုံးပြုလေ့ရှိတဲ့ ခေါင်းစဉ်တွေပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ ဘင်္ဂါလီအရေးမှာ လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာမှုနဲ့ လူမျိုးတုံးသတ်ဖြတ်မှုဆိုတဲ့ အကြောင်းပြချက်ကိုသုံးပြီး မြန်မာ့နိုင်ငံရေးပဋိပက္ခမှာတော့ ဒီမိုကရေစီနဲ့ အကြမ်းဖက်မှုဆိုတာကို သုံးနေတာ တွေ့ရပါတယ်။

### အမေရိကန်ရဲ့သတ်ဖြတ်မှုတွေ

မြန်မာနိုင်ငံက ဘင်္ဂါလီအရေးမှာ အမေရိကန်စွပ်စွဲနေတဲ့ လူမျိုးတုံးသတ်ဖြတ်မှုဆိုတာကို အမေရိကန်ကိုယ်တိုင်ရဲ့ ကမ္ဘာတစ်ဝန်း သတ်ဖြတ်မှုတွေနဲ့ယှဉ်လိုက်ရင် အမေရိကန်ရဲ့သတ်ဖြတ်မှုတွေက လူမျိုးတုံးသတ်ဖြတ်မှု ပိုမြောက်ပါတယ်။ အမေရိကန်ရဲ့ သတ်ဖြတ်မှုဖြစ်စဉ်အချို့ကို ထုတ်ပြပါ့မယ်။ ၂၀၀၃ ခုနှစ်ကနေ ၂၀၂၁ ခုနှစ်အထိ အမေရိကန် ကျူးကျော်တိုက်ခိုက်ခဲ့တဲ့ အီရတ်နိုင်ငံအတွင်းမှာ စစ်ပွဲတွေနဲ့ ပဋိပက္ခတွေကြောင့် အရပ်သားသေဆုံးသူ ၂၀၉၀၀၀ နဲ့ အိုးအိမ်စွန့်ခွာထွက်ပြေးရတဲ့ ဒုက္ခသည်ပေါင်း ၉ ဒသမ ၂ သန်းရှိခဲ့ပါတယ်။

> ရခိုင်ဒေသဖြစ်စဉ်ဟာ နောက်ကွယ်က ကြိုးကိုင်သူတွေက ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့လို့ ကြီးမားကျယ်ပြန့်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် အမေရိကန်၊ OIC နဲ့ ကုလသမဂ္ဂတို့ဟာ ဖြစ်စဉ်ဖြစ်ခဲ့ရတဲ့ အရင်းခံအကြောင်းတရား၊ ပြဿနာဖန်တီးသူနဲ့ နောက်ကွယ်က ကြိုးကိုင်အမိန့်ပေးနေသူတွေကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် စွပ်စွဲပြစ်တင်ခဲ့

**❑ ကမ္ဘာတစ်ဝန်း လူသားချင်းစာနာထောက်ထားမှု ကင်းမဲ့စွာနဲ့လုပ်နေတဲ့ အမေရိကန်က မြန်မာနိုင်ငံကို လူမျိုးတုံးသတ်ဖြတ်တယ်လို့ စွပ်စွဲနေတာဟာ မြန်မာစကားပုံလိုဆို "သူခိုးက လူဟစ်" နေတာပါပဲ။ တကယ်တော့ လူသားမျိုးနွယ်တွေအပေါ် သတ်ဖြတ်မှုအတွက် တစ်ကမ္ဘာလုံးက အမေရိကန်ကို စွပ်စွဲအရေးယူရမှာ**

ဗီယက်နမ်စစ်ပွဲမှာဆိုရင် ဗီယက်ကောင်းနဲ့ မြောက်ဗီယက်နမ် ၁ ဒသမ ၁ သန်း သေဆုံးခဲ့ပြီး တောင်ဗီယက်နမ်စစ်သား ၂၅၀၀၀၀ သေဆုံးခဲ့ရပါတယ်။ နှစ်ဖက်စလုံးမှ အရပ်သားပြည်သူ နှစ်သန်းကျော် သေဆုံးခဲ့ရပြီး အမေရိကန်စစ်သား ၅၈၀၀၀ သေဆုံးခဲ့ပါတယ်။ ဒါ့အပြင် ကမ္ဘာ့အရပ်ရပ်မှာ အမေရိကန်ပါဝင်တိုက်ခိုက်ခဲ့တဲ့ စစ်ပွဲတွေထဲမှာ ကိုရီးယားစစ်ပွဲ (၁၉၅၀ – ၁၉၅၃)၊ ဗီယက်နမ်စစ်ပွဲ (၁၉၅၅ – ၁၉၆၄၊ ၁၉၆၅ – ၁၉၇၄၊ ၁၉၇၅ – ၁၉၇၆)၊ လက်ဘနွန်ပဋိပက္ခ (၁၉၅၈)၊ ဒိုမီနီကန် ပြည်တွင်းစစ် (၁၉၆၅ – ၁၉၆၆)၊ ဂရန်နာဒါကျူးကျော်မှု (၁၉၈၃)၊ ပနားမားကျူးကျော်ခြင်း (၁၉၈၉ – ၁၉၉၀)၊ ပင်လယ်ကွေ့စစ်ပွဲ (၁၉၉၀ – ၁၉၉၁)၊ အီရတ်မပျံသန်းရဇုန် (၁၉၉၁ – ၂၀၀၃)၊ ဆိုမာလီယာပြည်တွင်းစစ် ဝင်ရောက်စွက်ဖက်ခြင်း (၁၉၉၂ – ၁၉၉၅၊ ၂၀၀၇ မှ ယနေ့ထိ)၊ ဘော့စနီးယားစစ်ပွဲ (၁၉၉၂ – ၁၉၉၅)၊ ဟေတီဝင်ရောက်စွက်ဖက်ခြင်း (၁၉၉၄ – ၁၉၉၅)၊ အာဖဂန်နစ္စတန်စစ်ပွဲ (၂၀၀၁ – ၂၀၂၁)၊ အီရတ်စစ်ပွဲ (၂၀၀၃ – ၂၀၁၁)၊ လစ်ဗျားသို့ နိုင်ငံတကာတပ်ဖွဲ့ ဝင်ရောက်ခြင်း (၂၀၁၁)၊ ဆီးရီးယားသို့ အမေရိကန်ဦးဆောင်ဝင်ရောက်ခြင်း (၂၀၁၄) ဖြစ်ပါတယ်။ ဒီစစ်ပွဲတွေက အမေရိကန်ကကိုယ်တိုင် ဝင်ရောက်တိုက်ခိုက်မှုတွေဖြစ်ပါတယ်။

ဒီကနေ့ဖြစ်နေတဲ့ ယူကရိန်းလိုစစ်ပွဲမှာ နောက်ကွယ်ကနေ ထောက်ပံ့ပေးပြီး ယူကရိန်းပြည်သူတွေ သေဆုံးအောင်နဲ့ စစ်ဘေးဒဏ်သင့်အောင် လုပ်နေတာတွေ မပါသေးပါဘူး။ အမေရိကန်ရဲ့ ဒီလိုတိုက်ခိုက်မှုတွေ၊ စွက်ဖက်မှုတွေကြောင့် သေဆုံးရသူတွေနဲ့ စစ်ဘေးဒုက္ခသည်တွေ ဘယ်လောက်များမလဲဆိုတာ မှန်းဆဖို့တောင်ခက်ပါတယ်။ အဲဒီလို ကမ္ဘာတစ်ဝန်း လူသားချင်းစာနာထောက်ထားမှု ကင်းမဲ့စွာနဲ့လုပ်နေတဲ့ အမေရိကန်က မြန်မာနိုင်ငံကို လူမျိုးတုံးသတ်ဖြတ်တယ်လို့ စွပ်စွဲနေတာဟာ မြန်မာစကားပုံလိုဆို "သူခိုးက လူဟစ်"နေတာပါပဲ။ တကယ်တော့ လူသားမျိုးနွယ်တွေအပေါ် သတ်ဖြတ်မှုအတွက် တစ်ကမ္ဘာလုံးက အမေရိကန်ကို စွပ်စွဲအရေးယူရမှာ ဖြစ်ပါတယ်။

### ဘင်္ဂါလီအရေးရဲ့ ဇာစ်မြစ်

မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ ဘင်္ဂါလီအရေးရဲ့ ဇာစ်မြစ်ကိုကြည့်ရင်လည်း ဘယ်သူကစတင်ခဲ့တယ်ဆိုတာ ရခိုင်ပြည်နယ်ပဋိပက္ခများစုံစမ်းရေးကော်မရှင်အစီရင်ခံစာ (၂၀၁၃ ခုနှစ် ဧပြီလ ၂၂ ရက်) မှာ တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဘင်္ဂါလီအရေးကိစ္စဟာ အရင်ကလည်း ဖြစ်ပွားခဲ့ဖူးပါတယ်။ ပြည်တွင်းရေးအဖြစ်နဲ့သာရှိခဲ့ပါတယ်။ နောက်ဆုံးအကြိမ်ဖြစ်ပွားတဲ့ ၂၀၁၂ ခုနှစ် မေလ ၂၈ ရက်နေ့ဖြစ်တဲ့ ဖြစ်စဉ်အစကို ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာမှ ရခိုင်တိုင်းရင်းသူတစ်ဦးကို ဘင်္ဂါလီလူငယ် သုံးဦးက ရက်ရက်စက်စက် မုဒိမ်းကျင့်၊ သတ်ဖြတ်ပြီး ပစ္စည်းတွေကို လုယက်ခဲ့တာက စခဲ့တာဖြစ်ပါတယ်။ ဘင်္ဂါလီတွေ စတင်ခဲ့တဲ့ ဖြစ်စဉ်အစပါ။ အဲဒီဖြစ်စဉ်ဟာ ရခိုင်တိုင်းရင်းသားတွေနဲ့ ဘင်္ဂါလီအသိုက်အဝန်းအကြား အမျက်ဒေါသဖြစ်စေခဲ့ပါတယ်။ အဲဒီက တစ်ဆင့် အပြန်အလှန်လက်စားချေမှုတွေ လုပ်ခဲ့ကြလို့ သေဆုံးမှုတွေလည်း ရှိခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက်နေ့မှာတော့ မောင်တောတစ်ဝိုက်နဲ့ တောင်ပိုင်းဒေသတွေမှာ ဘင်္ဂါလီတွေက ရခိုင်တိုင်းရင်းသားရွာတွေကို အကြမ်းဖက်တိုက်ခိုက်မီးရှို့မှုတွေ လုပ်ခဲ့ကြပါတယ်။

ဆက်တိုက်ဆိုသလို ဘင်္ဂါလီတွေက ရခိုင်ရွာတွေ၊ ဘုန်းတော်ကြီးကျောင်းတွေကို မီးရှို့ဖျက်ဆီးတာ၊ ရခိုင်တိုင်းရင်းသားတွေကို သတ်ဖြတ်တာတွေကို တစ်ရက်တည်း၊ တစ်ချိန်တည်း နေရာအနှံ့မှာ ပြုလုပ်ခဲ့ကြပါတယ်။ ဒါကြောင့် ဒီဖြစ်စဉ်ရဲ့ နောက်ကွယ်မှာ ကြိုးကိုင်ထိန်းချုပ်နေသူတွေရှိနေတယ်လို့ ကော်မရှင်ကသုံးသပ်ခဲ့တာ တွေ့ရပါတယ်။ ရခိုင်ပြည်နယ်အတွင်းက စစ်တွေမြို့အပါအဝင် အခြားမြို့တွေမှာလည်း ဘင်္ဂါလီတွေက ဆက်ပြီးအကြမ်းဖက်တိုက်ခိုက်မှုတွေ လုပ်လာခဲ့လို့ သက်ဆိုင်ရာတာဝန်ရှိသူတွေက ထိန်းသိမ်းခဲ့ပါတယ်။ ဒုတိယအကြိမ်အဖြစ် ၂၀၁၂ ခုနှစ် အောက်တိုဘာလအတွင်းမှာလည်း ထပ်မံဖြစ်ပွားခဲ့လို့ သေကျေပျက်စီးဆုံးရှုံးမှုတွေများစွာ ဖြစ်ခဲ့ပါတယ်။ အဲဒီရခိုင်ဒေသဖြစ်စဉ်ဟာ နောက်ကွယ်က ကြိုးကိုင်သူတွေက ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့လို့ ကြီးမားကျယ်ပြန့်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် အမေရိကန်၊ OIC နဲ့ ကုလသမဂ္ဂတို့ဟာ ဖြစ်စဉ်ဖြစ်ခဲ့ရတဲ့ အရင်းခံအကြောင်းတရား၊ ပြဿနာဖန်တီးသူနဲ့ နောက်ကွယ်ကကြိုးကိုင်အမိန့်ပေးနေသူတွေကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် စွပ်စွဲပြစ်တင်ခဲ့ကြပါတယ်။ သူတို့ကိုယ်တိုင်က တစ်ဖက်တည်းကို အားပေးအားမြှောက်လုပ်ပြီး မြန်မာနိုင်ငံမှာ လူမျိုးရေး၊ နိုင်ငံရေး အကျပ်အတည်းတွေဖြစ်အောင် တမင်တကာ ဖန်တီးနေကြတာပဲဖြစ်ပါတယ်။ ရခိုင်ဖြစ်စဉ်မှာ အမေရိကန်ကလည်း သူ့ရည်ရွယ်ချက်နဲ့သူ၊ OIC ကလည်း သူ့ရည်ရွယ်ချက်နဲ့သူ ကုလသမဂ္ဂကို ခုတုံးလုပ်ပြီး မြန်မာနိုင်ငံအပေါ်ဖိအားပေးဖို့ ကြိုးစားနေကြတာ တွေ့ရပါတယ်။ တကယ်လို့ အမေရိကန်နိုင်ငံထဲ တရားမဝင်ခိုးဝင်ရောက်ရှိနေသူတွေက အခုလို အမေရိကန်ပြည်သူတွေကို အကြမ်းဖက်တိုက်ခိုက်လာမယ်ဆိုရင် အမေရိကန်ဘယ်လိုတုံ့ပြန်မလဲ မေးစရာရှိလာပါတယ်။ အဖြေကတော့ ၉/၁၁ ဖြစ်စဉ်ကိုပဲ ကြည့်ပါ။

### ဘင်္ဂါလီဆိုတာ တရားမဝင် ခိုးဝင်ရောက်ရှိလာတဲ့သူတွေ

မြန်မာနိုင်ငံထဲရှိနေတဲ့ ဘင်္ဂါလီဆိုတာ တရားမဝင် ခိုးဝင်ရောက်ရှိလာတဲ့သူတွေဖြစ်ပါတယ်။ ဘယ်နိုင်ငံမှာမဆို ကိုယ့်နိုင်ငံထဲ ခိုးဝင်ရောက်ရှိလာတဲ့သူမှန်သမျှကို လက်မခံကြပါဘူး။ လူသားချင်းစာနာထောက်ထားမှုလို့ အသံကောင်းဟစ်နေတဲ့ အမေရိကန်နိုင်ငံလည်း တရားမဝင်ခိုးဝင်လာတဲ့သူတွေကို သူ့နိုင်ငံမှာလက်မခံပါဘူး။ အမေရိကန်နိုင်ငံရဲ့ လူသားချင်းစာနာထောက်ထားမှုဆိုတာ လိုချင်တစ်မျိုး မလိုချင်တစ်မျိုး ဖြစ်ပါတယ်။ ဗဟိုအမေရိကကနေ ရွှေ့ပြောင်းနေထိုင်သူတွေကို အမေရိကန်နိုင်ငံအနေနဲ့ လက်တွေ့ကျကျ ဖြေရှင်းနိုင်ခဲ့သလား။ လူသားချင်းစာနာထောက်ထားစွာ လက်ခံပေးခဲ့သလား။ တရားမဝင် ခိုးဝင်လာသူတွေကို ကြည်ဖြူကျေနပ်စွာ လက်ခံပေးခဲ့သလား။ တရားမဝင်ခိုးဝင်လာသူတွေကို လူသားချင်းစာနာထောက်ထားစွာနဲ့ အမေရိကန်အနေနဲ့ လက်ခံသင့်ပါတယ်။ လက်ခံမပေးဘူးဆိုရင် အမေရိကန်နိုင်ငံဟာ လူ့အခွင့်အရေးကို မလေးစားမလိုက်နာတဲ့ နိုင်ငံ၊ လူသားချင်းစာနာထောက်ထားမှု ကင်းမဲ့တဲ့နိုင်ငံပဲ ဖြစ်ပါလိမ့်မယ်။

တရားမဝင်ခိုးဝင်လာသူတွေအရေးကို အမေရိကန်နိုင်ငံက မဖြေရှင်းပေးနိုင်လို့ မက္ကဆီကိုနိုင်ငံ လက်တင်အမေရိကတိုက် လူမှုသိပ္ပံအကယ်ဒမီ ရွှေ့ပြောင်းနေထိုင်သူရေးရာ ပညာရှင် Rodolfo Casillas က အမေရိကန်အစိုးရဟာ ရွှေ့ပြောင်းနေထိုင်သူအရေးထက် အခြားကိစ္စတွေကို ပိုပြီးအလေးပေးကြောင်း၊ ကတိကဝတ်တွေက မိုးခြိမ်းသံလိုကျယ်ပြီး မိုးကတော့ မဆိုစလောက်ပဲရွာသလို ဖြစ်နေကြောင်း ပြောကြားခဲ့ပါတယ်။ အယ်လ်ဆာဗေးဒိုးနိုင်ငံ ရွှေ့ပြောင်းနေထိုင်သူရေးရာပညာရှင် Cesar Rios ကလည်း အမေရိကန်နိုင်ငံဟာ ရွှေ့ပြောင်းနေထိုင်သူများပြားလာတာနဲ့ပတ်သက်လို့ ဦးတည်ချက်ရှိတဲ့ မူဝါဒတွေ မရေးဆွဲနိုင်သလို ယင်းအပေါ် စီမံထိန်းချုပ်နိုင်စွမ်းလည်း အခြေခံအားဖြင့် မရှိကြောင်း၊ ရွှေ့ပြောင်းနေထိုင်သူကိစ္စ ရေသောက်မြစ်ကနေ ဖြေရှင်းမယ်လို့ အမေရိကန်က အမြဲကြေညာပြောကြားခဲ့ပေမယ့် ဒီကနေ့အထိ အယ်လ်ဆာဗေးဒိုးတို့လို

*စာမျက်နှာ ၁၁ သို့*

# KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့နယ် ကော့နွဲ့ရွာအနီးရှိ ဓာတ်အားပေးတာဝါတိုင် ပျက်စီးမှုကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ဝန်ထမ်းများအား ချောင်းမြောင်းပစ်ခတ်၊ ဝန်ထမ်း တစ်ဦးသေဆုံး၊ လေးဦး ဒဏ်ရာရရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့နွဲ့ရွာအနီးရှိ ဓာတ်အားပေးတာဝါတိုင် နှစ်ခု ဩဂုတ် ၂၀ ရက် ည ၁၁ နာရီ ခန့်တွင် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုကြောင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် ဓာတ်အား ပြတ်တောက်လျက်ရှိသည့် သတင်းကို ဩဂုတ် ၂၁ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဓာတ်အား ပြတ်တောက်မှုဖြစ်ပေါ်ခဲ့သော မြို့နယ်အချို့တွင် ဓာတ်အား ပြန်လည်ပေးအပ်နိုင်ရေးအတွက် မော်လမြိုင်မြို့ မဟာဓာတ်အားလိုင်းမှူး ရုံးမှ ကျွမ်းကျင် ဝန်ထမ်းများက တာဝါတိုင်များ ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိရာ ပဲခူး- ကမာနစ် - စစ်တောင်း- သထုံ- မော်လမြိုင် - ကျုံဒိုး - ကြာအင်းဆိပ်ကြီး- ဘုရားသုံးဆူ - ကော့ကရိတ် - သင်္ကန်းညီနောင်- မြဝတီ သို့ ဆက်သွယ်ထားသည့် မဟာဓာတ်အားလိုင်း ၂၃၀ ကေဗွီ တာဝါတိုင်အမှတ် ၁၇၂ ကို ပြင်ဆင် ဆောင်ရွက်လျက်ရှိစဉ် ယနေ့ညနေ ၃ နာရီ မိနစ် ၂၀ ခန့်တွင် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သမား ၂၀ ခန့်က အာရ်ပီဂျီ၊ ၄၀ မမ လက်နက်ကြီးများ၊ လက်ဖြောင့်သေနတ်များ၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက် ချောင်းမြောင်း ပစ်ခတ်ခဲ့သည်။



တာဝါတိုင်အမှတ်၊ ၁၇၂ နေရာတွင် ပြင်ဆင်ဆောင်ရွက်နေစဉ်။



ဝန်ထမ်းတစ်ဦးအား ဆေးကုသပေးနေစဉ်။



ဝန်ထမ်းတစ်ဦးအား ဆေးကုသပေးနေစဉ်။

ထိုသို့ပစ်ခတ်မှုကြောင့် မဟာဓာတ်အားလိုင်းမှူးရုံးမှ ဝန်ထမ်း တစ်ဦး သေဆုံးခဲ့ပြီး လေးဦးတွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။ ဒဏ်ရာရ ဝန်ထမ်းများကို ကော့ကရိတ်မြို့ နယ်မြေခံ ဆေးတပ်ရင်းသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးများ ကုသပေးလျက်ရှိသည်။

ယခုကဲ့သို့ လျှပ်စစ်ဝန်ထမ်းများကို ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့သည့် KKO(ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား များအား လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုက်လံပိတ်ဆို့ ဖမ်းဆီးလျက်ရှိကြောင်းနှင့် လိုအပ်သည့်လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၂၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းစိမ်း၊ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၂၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းစိမ်း၊ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် မိုးညှင်းမြို့နယ် မိုးညှင်း-မြစ်ကြီးနားသွားကားလမ်း နန့်ပုတ်ကျေးရွာအနီးတွင် စည်သူထွန်း မောင်းနှင်ပြီး ယာဉ်ပိုင်ရှင် ဝင်းမြင့်ဦး လိုက်ပါလာသော ISUZU အမျိုးအစား ဖ ဘီး မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်နောက်ခန်းရှိ စက္ကူဂျပ်ဖာများအတွင်းမှ ဒေသကာလတန်ဖိုး ငွေကျပ် ၂ ဒသမ ၂၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းစိမ်း ၃၃ ကီလို၊ ဘိန်းဖြူ ၂၄ ဒသမ ၄၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို မန္တလေးတိုင်းဒေသကြီးမှ ကချင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ဗဟိုအမေရိကတိုက်နိုင်ငံတွေမှာ အမေရိကန်ရဲ့ တိကျတဲ့လုပ်ဆောင်မှုတွေမရှိသေးကြောင်း၊ နိုင်ငံရေးဝါဒဖြန့်ရုံဖြင့် ရွှေ့ပြောင်းနေထိုင်သူအရေး ဖြေရှင်းဖို့ရာမဖြစ်နိုင်ကြောင်း ပြောကြားခဲ့တာကိုကြည့်ရင် အမေရိကန်နိုင်ငံဟာ အပြောတစ်မျိုး အလုပ်တစ်မျိုးဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီတော့ အမေရိကန်နိုင်ငံဟာ ဒီမိုကရေစီအရေးတွေ၊ လူသားချင်းစာနာထောက်ထားမှုတွေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွေ၊ လူမျိုးတုံးသတ်ဖြတ်မှုတွေဆိုတာ အခြားနိုင်ငံတွေကို တိုက်ခိုက်ဖို့၊ ကျူးကျော်ဖို့နဲ့ ဝင်ရောက်စွက်ဖက်ဖို့အတွက် အကြောင်းပြချက်ပေးတဲ့ လက်ကိုင်ဆောင်ပုဒ်တွေသာဖြစ်ပြီး သူကိုယ်တိုင်ကတော့ အဲဒီဆောင်ပုဒ်တွေကို ပြောင်ပြောင်တင်းတင်းရော၊ နောက်ကွယ်ကနေရော ဖောက်ဖျက်နေတာကို သူ့ရဲ့လုပ်ရပ်တွေကိုကြည့်ရင် တွေ့ရမှာဖြစ်ပါတယ်။

## မရိုးနိုင်တဲ့လက်သုံးနည်းလမ်းတစ်ခု

မြန်မာနိုင်ငံက ဘင်္ဂါလီအရေးမှာလည်း အမေရိကန်က သူ့ရဲ့မရိုးနိုင်တဲ့လက်သုံးနည်းလမ်းတစ်ခုအတိုင်း လုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံက ဘင်္ဂါလီအရေးကို အမေရိကန်နဲ့ OIC တို့ အလိုကျဖြစ်ဖို့ဆိုရင် သူတို့ဩဇာခံတဲ့အစိုးရတစ်ရပ် အာဏာရရှိမှ သူတို့ရည်ရွယ်ချက်တွေ အောင်မြင်မှာမို့လို့ အဘက်ဘက်ကဖိအားပေးပြီး ကြိုးပမ်းနေကြတာဖြစ်ပါတယ်။ အမေရိကန်ရဲ့စနက်ကြောင့် စတေးကြရတာက အပြစ်မဲ့ပြည်သူတွေ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီမိုကရေစီနိုင်ငံကြီး၊ လူ့အခွင့်အရေးနိုင်ငံကြီး အမေရိကန်ကတော့ ဘယ်သူသေသေ ငတေမာ ပြီးရောပါ။ ဒါကြောင့်လည်း အမေရိကန်ရဲ့ သွေးထိုးမှု၊ ကြိုးကိုင်မှုနဲ့ ဝင်ရောက်တိုက်ခိုက်မှုတွေကြောင့် အပြစ်မဲ့ပြည်သူတွေ သေဆုံးခဲ့ရတာ ကမ္ဘာနဲ့အဝန်းပါပဲ။

အမေရိကန်နိုင်ငံကတော့ သူတို့လိုလားချက်ရဖို့ဆိုရင် ဘာမဆိုလုပ်တယ်ဆိုတဲ့ ခိုင်မာတဲ့ အထောက်အထားရှိပါတယ်။ ကမ္ဘာ့အကြမ်းဖက်အဖွဲ့အစည်းလို့သတ်မှတ်ထားတဲ့ အယ်ခိုင်ဒါအဖွဲ့ကို ဘယ်သူပြုစုပျိုးထောင်မြေတောင်မြှောက်ပေးခဲ့တာလဲဆိုတာ အားလုံးသိပြီးဖြစ်ပါတယ်။ ဒီမိုကရေစီတွေ၊ လူသားချင်းစာနာ ထောက်ထားမှုတွေ တစာစာအော်နေတဲ့ အမေရိကန်နိုင်ငံကိုယ်တိုင်ပါပဲ။ အဲဒီတော့ ကမ္ဘာ့အဆင့် အကြမ်းဖက်အဖွဲ့ကိုတောင် မြေတောင်မြှောက်ပေးခဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ ရုပ်လုံးအသွင်သဏ္ဌာန်က ဘာလဲဆိုတာ အထင်းသားမြင်တွေ့ရပါတယ်။ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုတာ ငါ့နိုင်ငံနဲ့ ငါ့နိုင်ငံသားတွေအတွက်ပဲလို့ အမေရိကန်နိုင်ငံက သတ်မှတ်ထားပုံရပါတယ်။ ကျန်တဲ့ကမ္ဘာ့နိုင်ငံတွေ၊ လူသားတွေရဲ့ အခွင့်အရေးနဲ့ယှဉ်လာရင်တော့ အမေရိကန်ရဲ့ကိုယ်ကျိုးစီးပွားသာ ပဓာနဖြစ်ပါတယ်။

## ခုတုံးလုပ်ဖို့ ဝန်လေးနေမှာမဟုတ်

အဲဒီလို ကိုယ်ကျိုးစီးပွားကိုသာ ဦးထိပ်ထားတဲ့ အမေရိကန်နိုင်ငံကတော့ အခြားနိုင်ငံတွေနဲ့ ပြည်သူတွေကို ခုတုံးလုပ်ဖို့ဝန်လေးနေမှာ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ဘင်္ဂါလီအရေးကိစ္စကို ပြည်တွင်းရေးအဖြစ်ကနေ နိုင်ငံတကာအရေးဖြစ်အောင် ဖန်တီးခဲ့တာရဲ့နောက်ကွယ်မှာ အမေရိကန်နိုင်ငံလည်း ပါဝင်ပါတယ်။ ရခိုင်ပဋိပက္ခအရေးကို နိုင်ငံတကာအရေးဖြစ်အောင် ကိုဖီအာနန်ဦးဆောင်တဲ့ စုံစမ်းရေးကော်မရှင်ဖွဲ့စည်းခဲ့ပြီး သူတို့အလိုကျ လမ်းခင်းပေးခဲ့လို့ ပဋိပက္ခဟာ ပိုမိုကျယ်ပြန့်လာခဲ့ပါတယ်။

အခုဆို အမေရိကန်နိုင်ငံရဲ့ စွက်ဖက်မှုဟာ ဘင်္ဂါလီကိစ္စအပြင် နိုင်ငံရေးအကျပ်အတည်းမှာလည်း စွက်ဖက်နေပါတယ်။ မြန်မာ့နိုင်ငံရေးအကျပ်အတည်းမှာ ကုလသမဂ္ဂကတစ်ဆင့်၊ အာဆီယံအဖွဲ့ကတစ်ဆင့် ဖိအားပေး၊ အတိုက်အခံတွေကို ထောက်ပံ့ကူညီနေတာတွေ လုပ်နေပါတယ်။ မြန်မာနိုင်ငံမှာ အမေရိကန်အလိုကျ ဩဇာခံအစိုးရ အာဏာရရှိဖို့ အမျိုးမျိုးလုပ်နေမယ့်သဘောပါပဲ။

ဒီလို ကမ္ဘာတစ်ဝန်းဖြစ်စဉ်တွေ ချပြီးပြောနေတာဟာ အမေရိကန်မုန်းတီးရေး မဟုတ်ပါဘူး။ အမေရိကန်နိုင်ငံရဲ့ မင်းသားမျက်နှာဖုံးကို ဖယ်ခွာပြီး တကယ့်ရုပ်လုံးအသွင်သဏ္ဌာန်ကို သိနိုင်ဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာကြီးရဲ့ တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုနဲ့ လူသားမျိုးနွယ် အနာဂတ်အပေါ် ခြိမ်းခြောက်မှုအရှိဆုံးနိုင်ငံကို ပြပါဆိုရင် အမေရိကန်နိုင်ငံက ထိပ်ဆုံးက ဖြစ်ပါလိမ့်မယ်။ အဲဒီနေရာက အမေရိကန်နိုင်ငံရဲ့ ရုပ်တည်ချက်အမှန်ပဲ ဖြစ်ပါတယ်။ ။

**ရည်ညွှန်းကိုးကား**


၁။ ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းရေးကော်မရှင်ရဲ့အစီရင်ခံစာ (၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

၂။ https://xinhuamyanmar.com/mm-cn/%E1%80%9C%E1%80%80%E1%80%BA%E1%80%90%E1%80%84%E1%80%BA%E1%80%A1%E1%80%99%E1%80%B1%E1%80%9B%E1%80%AD%E1%80%80-%E1%80%9B%E1%80%BD%E1%80%BE%E1%80%B1%E1%80%B7%E1%80%95%E1%80%BC%E1%80%B1%E1%80%AC%E1%80%84/

၃။ https://news-eleven.com/article/215467

၄။ https://news-eleven.com/article/215178

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရေး စနစ်သစ်နှင့်ပတ်သက်သည့် သိကောင်းစရာများ

**၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူခြင်းကိစ္စနှင့်ပတ်သက်ပြီး တာဝန်ရှိသူများဖြစ်သည့် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူး (လူ့စွမ်းအားအရင်းအမြစ်)ဒေါက်တာချောစုမောင်၊ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး (ဝန်ကြီးရုံး) ဒေါက်တာသန်းနိုင်စိုးတို့နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။**

မေး။ ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေရဲ့ ဝင်ခွင့်ခေါ်ယူရေး စနစ်သစ်ကို မည်သည့်ရည်ရွယ်ချက်နဲ့ ပြောင်းလဲလိုက်သလဲဆိုတာ သိပါရစေ။

**ဖြေ။** ၁၉၆၄ ခုနှစ်က စတင်ပြီး ၂၀၂၀ ပြည့်နှစ်အထိ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန အောက်ရှိ ဆေးတက္ကသိုလ်တွေနဲ့ ဆေးပညာ နှီးနွှယ်တက္ကသိုလ်တွေရဲ့ ဝင်ခွင့်ရွေးချယ်ရေးစနစ်ကို တက္ကသိုလ်ဝင်စာမေးပွဲမှာ သိပ္ပံဘာသာတွဲ(အတွဲ-၇) နဲ့ အောင်မြင်ပြီးတဲ့ ကျောင်းသား/သူတွေကို တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)သို့ လိပ်မူလျှောက်ထားစေပြီးတော့ ဦးစားပေး လျှောက်ထားမှုနဲ့ ဘာသာစုံ(၆)ဘာသာ ရမှတ်ပေါင်းကို အခြေခံပြီး အမှတ်အများဆုံးရရှိသူတွေကိုသာ ရွေးချယ်တဲ့ စနစ်ကို ကျင့်သုံးခဲ့ပါတယ်။

နိုင်ငံတကာမှာ ကျင့်သုံးလျက်ရှိတဲ့ ဆေးတက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေး စာမေးပွဲတွေကို လေ့လာရာမှာ ဝင်ခွင့်စာမေးပွဲ(Admission Test) အသီးသီး စစ်မေးပြီး ဆေးတက္ကသိုလ်ဝင်ခွင့်ကို ဆောင်ရွက်လျက်ရှိတာ တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အခြားအသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွေဖြစ်တဲ့ ရန်ကုန်နည်းပညာတက္ကသိုလ် (Yangon Technological University – YTU)၊ မန္တလေးနည်းပညာတက္ကသိုလ်(Mandalay Technological University – MTU)နဲ့ နည်းပညာတက္ကသိုလ်၊ (မန္တလေး) (Technological University, Mandalay – TUM)တို့ဟာ ၂၀၁၇ ခုနှစ်အထိ လျှောက်ထားသူတွေထဲက ဘာသာစုံ စုစုပေါင်းရမှတ်များတဲ့သူကို အခြေခံပြီး ရွေးချယ်ခဲ့ပေမယ့် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူတွေကစပြီး (၆)ဘာသာရမှတ်ပေါင်းအပြင် အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ (၄)ဘာသာ ရမှတ်ပေါင်းကိုပါ မူတည်ပြီးတော့ အမှတ်များတဲ့သူကို ရွေးချယ်တဲ့စနစ်နဲ့ ပြင်ဆင်ကျင့်သုံး ဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါတယ်။

ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနဟာ စီမံချက်တွေ စနစ်တကျချမှတ်ပြီး ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝပြီး စိတ်ဓာတ်နဲ့ခံယူချက်ကောင်းမွန်တဲ့ဆရာဝန်တွေကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါတယ်။ ဒီလိုမွေးထုတ်တဲ့အခါမှာ ယခင်က ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေရဲ့ ဝင်ခွင့်ရွေးချယ်ရေးစနစ်ကို (၆)ဘာသာအမှတ်ပေါင်း အများဆုံးရသူတွေကိုသာ ရွေးချယ်တက်ရောက်ခွင့်ပြုခဲ့ရာမှ ယခုနှစ် စနစ်သစ်မှာတော့ တက္ကသိုလ်ဝင်စာမေးပွဲမှာရရှိခဲ့တဲ့ (၆)ဘာသာအမှတ်ပေါင်း (၄၅၀) ပြည့်သူတွေထဲက ဆေးပညာနဲ့သက်ဆိုင်တဲ့



ဒေါက်တာချောစုမောင်
ညွှန်ကြားရေးမှူး
(လူ့စွမ်းအားအရင်းအမြစ်)

ဘာသာ(၃)ခုဖြစ်တဲ့ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာရပ်တွေမှာ ထူးချွန်ပြီး အဲ့ဒီ (၃)ဘာသာပေါင်း ရမှတ်များတဲ့သူတွေကို ဝင်ခွင့်စာမေးပွဲဖြေဆိုစေပြီး ရွေးချယ်တက်ရောက်ခွင့်ပြုမယ့် စနစ်အဖြစ် ပြောင်းလဲထားတာဖြစ်ပါတယ်။ ဒီလိုပြောင်းလဲဆောင်ရွက်ခြင်းအားဖြင့် ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေရဲ့ ဝင်ခွင့်ရွေးချယ်ရေး စနစ်ဟာ အခြားအသက်မွေးဝမ်းကျောင်းတက္ကသိုလ်များနည်းတူ ကျင့်သုံးဆောင်ရွက်နိုင်မှာဖြစ်ပြီး ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မယ့်ဆေးပညာကို အမှန်တကယ်စိတ်ဝင်စားတဲ့ စိတ်ဓာတ်နဲ့ ခံယူချက်ကောင်းမွန်တဲ့ မျိုးဆက်သစ်ဆရာဝန်တွေ၊ သွားဘက်ဆိုင်ရာဆရာဝန်တွေကို ရွေးချယ်နိုင်မှာဖြစ်ပါတယ်။

မေး။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူတွေအတွက် ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေရဲ့ ဝင်ခွင့်ခေါ်ယူရေးစနစ်နဲ့ ပတ်သက်လို့ ဘယ်လိုဘယ်ပုံ ရွေးချယ်ခေါ်ယူမယ်ဆိုတာကို သိပါရစေ။

**ဖြေ။** ၂၀၂၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူတွေအနက် ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေကို ပထမဦးစားပေး လျှောက်ထားလာသူတွေရဲ့ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာစာအိတ်တွေကို အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်ရုံးခွဲမှာ စိစစ်ရေးတာဝန်ခံအဖွဲ့ထားရှိပြီး လက်ခံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပထမဦးစွာ လျှောက်ထားလာတဲ့ သင်တန်းရွေးချယ်မှု ကတ်ပြားမှာ ကျောင်းသား/သူတွေ ဖြည့်သွင်းထားတဲ့ တက္ကသိုလ် ဦးစားပေးအစီအစဉ်ကို စိစစ်ခြင်း၊ ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှု ရှိ/မရှိ စိစစ်ခြင်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ (၆) ဘာသာရမှတ် စုစုပေါင်းအမှတ် (၄၅၀)နဲ့အထက်ရရှိသူတွေအနက် (အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) (၃)ဘာသာရမှတ်ပေါင်း အများ/အနည်းပေါ်မူတည်၍ အမှတ်အများဆုံးရရှိပြီး ဆေးတက္ကသိုလ်သို့ ပထမဦးစားပေး လျှောက်ထားသူတွေကို ပဏာမအဆင့် ရွေးချယ်ခံရသူတွေအဖြစ် သတ်မှတ်ထားရှိမှာဖြစ်ပါတယ်။

၂၀၂၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူတွေအနက် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေကို လျှောက်ထားသူတွေအတွက်ကတော့ (၆)ဘာသာရမှတ် စုစုပေါင်း အမှတ်(၄၅၀)နဲ့အထက်ရရှိသူတွေအနက် (အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ဇီဝဗေဒ) (၃)ဘာသာ ရမှတ်ပေါင်း အများ/အနည်းပေါ်မူတည်ပြီး အမှတ်အများဆုံး ရရှိထားသူတွေထဲကမှ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေကို ပထမဦးစားပေး လျှောက်ထားသူတွေနဲ့ ဆေးတက္ကသိုလ်တွေအတွက် ပဏာမရွေးချယ်လျာထားဦးရေ ပြည့်သွားတဲ့အတွက်ကြောင့် ဆေးတက္ကသိုလ်တွေကို ဝင်ခွင့်မရရှိတဲ့သူများမှ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေကို ဒုတိယဦးစားပေး လျှောက်ထားသူတွေကို ပဏာမအဆင့်အနေနဲ့ ရွေးချယ်သွားမှာဖြစ်ပါတယ်။

ဆေးတက္ကသိုလ်နဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေရဲ့ ပဏာမအဆင့်ရွေးချယ်မှုတွေပြီးရင် ဒုတိယအဆင့် ရွေးချယ်မှုအနေနဲ့ကတော့ ပဏာမအဆင့်ရွေးချယ်ထားတဲ့ ဆေးတက္ကသိုလ်ဝင်ခွင့်အတွက် ဖြေဆိုခွင့်ရရှိမယ့် သတ်မှတ်ဦးရေအတွင်း အကျုံးဝင်သူတွေနဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ဝင်ခွင့်အတွက် ဖြေဆိုခွင့်ရရှိမယ့် သတ်မှတ်ဦးရေ အကျုံးဝင်သူတွေကို လူတွေ့နှုတ်မေးစာမေးပွဲ စစ်ဆေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပဏာမရွေးချယ်ထားသူအားလုံးဟာ စိတ်ပိုင်းဆိုင်ရာ ဆန်းစစ်ခြင်း(ရေးဖြေ) စာမေးပွဲကိုလည်း ဝင်ရောက်ဖြေဆိုရမှာဖြစ်ပါတယ်။

သင်တန်းသား အပြီးသတ်ရွေးချယ်ခြင်းအနေနဲ့ကတော့ (အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) (၃)ဘာသာပေါင်းရမှတ်နဲ့ လူတွေ့နှုတ်မေးစစ်ဆေးခြင်း ရမှတ်အပေါ်မူတည်ပြီးတော့ အမှတ်(အများ/အနည်း)အလိုက်စီပြီး အမှတ်အများဆုံး ရရှိတဲ့သူတွေကို ဆေးတက္ကသိုလ်တွေအတွက် သတ်မှတ်ဦးရေပေါ် မူတည်ရွေးချယ်သွားမှာဖြစ်ပါတယ်။

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေအတွက်ကတော့ (အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) (၃)ဘာသာပေါင်း ရမှတ်နဲ့ လူတွေ့နှုတ်မေးစစ်ဆေးခြင်း ရမှတ်အပေါ် မူတည်ပြီးတော့ အမှတ် (အများ/ အနည်း) အလိုက်စီပြီး အမှတ်အများဆုံးရရှိတဲ့သူတွေကို သတ်မှတ်ဦးရေပေါ်မူတည်ပြီး ရွေးချယ်သွားမှာဖြစ်ပါတယ်။

ဆေးတက္ကသိုလ် ဝင်ခွင့်စာမေးပွဲ ဖြေဆိုပြီး ရွေးချယ်ခြင်းမခံရသော်လည်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များကို ဒုတိယဦးစားပေးအဖြစ် လျှောက်ထားသူတွေဟာ ဝင်ခွင့်လူတွေ့နှုတ်မေး စာမေးပွဲနဲ့ စိတ်ပိုင်းဆိုင်ရာ ဆန်းစစ်ခြင်း(ရေးဖြေ) စာမေးပွဲကို ထပ်မံဖြေဆိုဖို့မလိုဘဲ ဆေးတက္ကသိုလ် ဝင်ခွင့်စာမေးပွဲဖြေဆိုသူအနေနဲ့ပဲ ၎င်းရရှိထားတဲ့ရလဒ်ကို



ဒေါက်တာသန်းနိုင်စိုး
ညွှန်ကြားရေးမှူး(ဝန်ကြီးရုံး)

ပြန်လည်ထည့်သွင်းတွက်ချက်သွားမှာဖြစ်ပါတယ်။

ဒီလိုရွေးချယ်ရာမှာ အခြားတက္ကသိုလ်တွေ (ဥပမာ- ရန်ကုန် နည်းပညာတက္ကသိုလ် စသည်တို့) ကို ဦးစားပေး လျှောက်ထားခဲ့ပြီးတော့ သက်ဆိုင်ရာ တက္ကသိုလ်တွေက ရွေးချယ်ခြင်းမခံရသူတွေအနေနဲ့ သတ်မှတ်ထားတဲ့ (အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) (၃) ဘာသာပေါင်း အနိမ့်ဆုံးရမှတ်ကို ပြည့်မီပြီး တက္ကသိုလ်ဝင်ခွင့်သင်တန်း ရွေးချယ်မှုကတ်ပြားပါ ဦးစားပေး အစီအစဉ်အရ ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေကို ဖော်ပြလျှောက်ထားခဲ့သူတွေအနေနဲ့လည်း သက်ဆိုင်ရာတက္ကသိုလ်များသို့ ဝင်ခွင့်ရရှိနိုင်တဲ့ အခွင့်အလမ်းရှိပါတယ်။ ဒါကြောင့် အကယ်၍ သူတို့အနေနဲ့ ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေကို တက်ရောက်လိုရင် ၎င်းတို့ကို စိစစ်ရွေးချယ်နိုင်ရေးအတွက် လူတွေ့နှုတ်မေးစာမေးပွဲနဲ့ စိတ်ပိုင်းဆိုင်ရာ ဆန်းစစ်ခြင်း(ရေးဖြေ)စာမေးပွဲတွေ ထပ်မံကျင်းပပေးမှာဖြစ်ပါတယ်။

မေး။ စနစ်သစ်ရွေးချယ်ရာမှာ လူတွေ့နှုတ်မေးစနစ်ကိုပါ ထည့်သွင်းဆောင်ရွက်မယ်လို့ သိရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်ရှင်းပြပေးစေလိုပါတယ်။

**ဖြေ။** လူတွေ့နှုတ်မေး စစ်ဆေးရာမှာ ကိုယ်ချင်းစာနာမှု (Empathy)၊ ရိုးသားတည်ကြည်မှု (Honesty and integrity)၊ ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရန်ဆန္ဒရှိမှု (Motivation)၊ ရှင်းလင်းပြတ်သားစွာ ပြောဆိုဆက်ဆံနိုင်မှု (Communication Skill)၊ ကျင့်ဝတ်သိက္ခာရဲ့တန်ဖိုးကိုနားလည်မှု (Ethical Awareness)၊ တာဝန်သိမှုနှင့် အလုပ်ကိုလေးစားမှု (Respect the Duties)၊ ခံယူချက် (Attitude)၊ ပြုမူပြောဆိုဆောင်ရွက်မှု (Behaviour)၊ ဆရာဝန်တစ်ယောက်ရဲ့ ဆေးပညာရပ်အပေါ်ထားရှိရမည့် စိတ်နေသဘောထား (Attitude towards Professionalism) နဲ့ ပတ်သက်ပြီး မေးခွန်းများ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

အဲ့ဒါကြောင့် လူတွေ့နှုတ်မေးစာမေးပွဲ ဖြေဆိုမယ့် ကျောင်းသား/သူတွေအနေနဲ့ အဲ့ဒီအကြောင်းအရာတွေကို ကြိုတင်လေ့လာထားဖို့ လိုအပ်ပါတယ်။

မေး။ အခြားပြောကြားလိုတဲ့ အချက်တွေရှိရင် ပြောကြားပေးပါ။

ဖြေ။ ယခုနှစ်မှာ ထူးခြားချက်အနေနဲ့ကတော့ ၂၀၂၂-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေကို ဝင်ခွင့်ရရှိသူတွေဟာ နိုင်ငံတော်အစီအစဉ်နဲ့ပညာသင်ကြားခွင့်(သို့မဟုတ်) မိမိအစီအစဉ်နဲ့ ပညာသင်ကြားခွင့်ကို ရွေးချယ်ပိုင်ခွင့်ရရှိကြမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစီအစဉ်နဲ့ဆိုရင် ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေမှာ တက္ကသိုလ်သင်တန်းကြေးအဖြစ် တစ်လလျှင် ငွေကျပ် (၈၀၀) ပေးသွင်းရမှာဖြစ်ပြီး မိမိအစီအစဉ်နဲ့ဆိုရင် ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွေမှာ တက္ကသိုလ်သင်တန်းကြေးကို ပညာသင်နှစ်အလိုက် လစဉ် ပေးသွင်းရမှာဖြစ်ပါတယ်။ ဆေးတက္ကသိုလ်တွေအတွက်ကတော့ ပညာသင်ကာလပြီးဆုံးသည်အထိ ငွေကျပ်သိန်း(၆၀၀) အကုန်အကျခံရမှာဖြစ်ပြီး သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေကတော့ ပညာသင်ကာလ ပြီးဆုံးသည်အထိ ငွေကျပ်သိန်း(၇၀၀) အကုန်အကျခံရမှာဖြစ်ပါတယ်။

နိုင်ငံတော်အစီအစဉ်နဲ့ ပညာသင်ကြားခွင့်ရရှိတဲ့သူတွေကတော့ ဘွဲ့ရရှိပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မဖြစ်မနေ အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမှာဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများသာ တက်ခွင့်ရှိတဲ့ ဘွဲ့လွန်သင်တန်းတွေကို ဆက်လက် တက်ရောက်ခွင့်ရရှိမယ်ဆိုရင် နောက်ထပ် (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။

မိမိအစီအစဉ်နဲ့ ပညာသင်ကြားခွင့်ရရှိတဲ့သူတွေကတော့ လတ်တလောအနေနဲ့ နိုင်ငံ့ဝန်ထမ်းအဖြစ် (၅)နှစ် မဖြစ်မနေ ဝင်ရောက်စရာမလိုပေမယ့် နိုင်ငံ့ဝန်ထမ်းများသာ တက်ရောက်ခွင့်ရှိတဲ့ ဘွဲ့လွန်သင်တန်းတွေ တက်ရောက်လို၍ဖြစ်စေ၊ နိုင်ငံ့တာဝန်ကို ဝင်ရောက်ထမ်းဆောင်လို၍ဖြစ်စေ နိုင်ငံ့ဝန်ထမ်းအဖြစ် ဝင်ရောက်တာဝန် ထမ်းဆောင်လိုပါကလည်း တာဝန်ထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။

အထက်မှာ တင်ပြခဲ့တဲ့အတိုင်း ဆေးတက္ကသိုလ်/ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေကို ဝင်ခွင့်မရရှိခဲ့ရင် တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေဖို့အတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမယ့် ပုံစံစာအိတ်မှာပါရှိတဲ့ သင်တန်းရွေးချယ်မှုကတ်ပြားမှာ ဖော်ပြထားတဲ့ ဦးစားပေးအစီအစဉ်အတိုင်း ပြည့်စုံစွာ ဖော်ပြလျှောက်ထားဖို့နဲ့ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကိုလည်း သေချာစွာ ဖတ်ရှု၍ လမ်းညွှန်ချက်များကို တိကျစွာလိုက်နာပြီး ဝင်ခွင့်လျှောက်ထားဖို့ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သတင်းအဖွဲ့**

# ပါကစ္စတန်နိုင်ငံ၌ မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် တစ်ရက်အတွင်း ၂၈ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူသန်းချီ ရေလွှမ်းမိုးမှုဒဏ်ခံစားနေရ

အစ္စလမ္မာဘတ် ဩဂုတ် ၂၉

**ပါကစ္စတန်နိုင်ငံတွင် မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူသန်းချီ ရေလွှမ်းမိုးမှုဒဏ် ခံစားနေရသည်။ ထို့အပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း မိုးနှင့်ဆက်စပ်သော မတော်တဆမှုများကြောင့် ၂၈ ဦးထက်မနည်းသေဆုံးခဲ့ပြီး ၄၈ ဦး ဒဏ်ရာရရှိခဲ့သည်။**



ပါကစ္စတန်နိုင်ငံ၌ မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်နေသည့် မြင်ကွင်းကို တွေ့ရစဉ်။

သေဆုံးသူများတွင် ကလေး ၁၁ ဦးထက်မနည်း ပါဝင်ခဲ့ပြီး အမျိုးသမီးသုံးဦးလည်း ပါဝင်ခဲ့သည်။ ဇွန်လလယ်မှစကာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ် ၂၈ ရက်တွင် သေဆုံးသူ ၁၀၀၀ ကျော်အထိ တိုးလာကြောင်း ပါကစ္စတန်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်များက ပြောသည်။ ထို့အပြင် ပါကစ္စတန်နိုင်ငံသည် နိုင်ငံတကာ အသိုင်းအဝိုင်းထံမှ အကူအညီများကိုလည်း ရှာဖွေလျက်ရှိသည်။

လျှပ်တစ်ပြက် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုများကြောင့် ကျေးရွာများနှင့် ကောက်ပဲသီးနှံများ ရေနောက်ပါကုန်ကြသည်။ ထို့အပြင် နိုင်ငံတစ်ဝန်း လူပေါင်း ၃၃ သန်းနှင့် အဆောက်အအုံ တစ်သန်းနီးပါးလည်း ရေဘေးသင့်ခဲ့သည်။

နိုင်ငံအစိုးရသည် ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် စစ်သားများကို စေလွှတ်ခဲ့သည်။

ပါကစ္စတန်ပြည်သူများသည် အလွန်ခက်ခဲသော အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေသောကြောင့် စစ်တပ်အကြီးအကဲကလည်း နိုင်ငံခြားမှ အကူအညီများပေးရန် တောင်းဆိုထားသည်။

ရေကြီးရေလျှံမှုများသည် စိုက်ပျိုးရေးကိုလည်း ထိခိုက်စေသည်။ ပါကစ္စတန်တောင်ပိုင်းပြည်နယ် တစ်ခုဖြစ်သည့် ဆင်းဒ်ပြည်နယ်တွင် ဝါနှင့် ကောက်ပဲသီးနှံ အားလုံးနီးပါး ဆုံးရှုံးခဲ့သလို ကြံအထွက်နှုန်းလည်း ထိခိုက်ခဲ့သည်။ ရေဘေးဒုက္ခကြောင့် နိုင်ငံ့စီးပွားရေးလည်း အဆိုးဆုံး ထိခိုက်ခဲ့သည်။ **အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**

# ကိုလံဘီယာနိုင်ငံ၌ သတင်းထောက်နှစ်ဦး ပစ်သတ်ခံရ

**ဘိုဂိုတာ ဩဂုတ် ၂၉**

ကိုလံဘီယာနိုင်ငံတွင် ဩဂုတ် ၂၈ ရက်က ပြုလုပ်သည့် ကာနီဗယ်ပွဲတော်မှ ပြန်လာသည့် သတင်းထောက်နှစ်ဦးကို မော်တော်ဆိုင်ကယ်ဖြင့် တိုက်ခိုက်သူများက သတ်ဖြတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။



သတင်းထောက်များဖြစ်ကြသည့် လီနာမွန်တာရို အော်တီဂါ (၃၇ နှစ်)နှင့် ဒီလီယာ ကွန်ထရီရတ်စ် ကန်ထီလို (၃၉ နှစ်)တို့ကို တွေ့ရစဉ်။

ရဲတပ်ဖွဲ့၏ အတည်ပြုချက်အရ ၎င်းတို့သည် လီနာမွန်တာရို အော်တီဂါ (၃၇ နှစ်)နှင့် ဒီလီယာ ကွန်ထရီရတ်စ် ကန်ထီလို (၃၉ နှစ်)တို့ဖြစ်ကြပြီး ၎င်းတို့နှစ်ဦးစလုံးသည် ကာရေဘီယံကမ်းရိုးတန်း ဖန်ဒါစီယန်မြို့ မြောက်ပိုင်းဒေသအခြေစိုက် ဆောဒစ်ဂျစ်တယ်ဟုခေါ်သည့် သတင်းဝက်ဘ်ဆိုက်တစ်ခုတွင် အလုပ်လုပ်သူများဖြစ်ကြောင်း မက်ဒလီနာ ရဲတပ်ဖွဲ့အကြီးအကဲ အန်းဒရက် ဆာနားက ပြောသည်။

၎င်းတို့နှစ်ဦးသည် ပွဲတော်ကျင်းပရာ ဆန်တာ ရိုဆာ ဒီလီမာမြို့မှ ဖန်ဒါစီယန်မြို့ဘက်သို့ ပြန်လာစဉ် တိုက်ခိုက်သူများက ၎င်းတို့အား ပစ်သတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦးအပြင် အခြား ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးလည်းရှိကြောင်း ဆာနားက ပြောကြားသည်။

သတင်းထောက်နှစ်ဦး တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ တရားမျှတမှုရှိအောင် စုံစမ်းဖော်ထုတ်ပေးရန် လွတ်လပ်သော သတင်းမီဒီယာဖောင်ဒေးရှင်းက ရဲတပ်ဖွဲ့ထံတောင်းဆိုလိုက်၍ ပြီးခဲ့သည့်နှစ်အတွင်း ကိုလံဘီယာ၌ သတင်းထောက် ၇၆၈ ဦးတို့သည် သတ်ဖြတ်မှုအပါအဝင် အကြမ်းဖက်မှုအချို့ကို ခံစားခဲ့ရကြောင်း ဖောင်ဒေးရှင်းက ပြောကြားသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖန်ဒါစီယန် ရဲတပ်ဖွဲ့က အရေးပေါ်အစည်းအဝေးတစ်ရပ်ကိုလည်း ခေါ်ယူခဲ့သည်။ ဖန်ဒါစီယန်မြို့သည် အကြမ်းဖက်မှု၊ ဆင်းရဲမွဲတေမှု၊ မှောင်ခိုဈေးကွက် စီးပွားရေး လှုပ်ရှားမှုများ၏ အဆိုးရွားဆုံးနေရာတစ်ခုဖြစ်ကြောင်း အစိုးရအဖွဲ့က ဆိုသည်။

လက်ဝဲဝါဒီ ကိုလံဘီယာ တော်လှန်ရေးတပ်များနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်ကို ၂၀၁၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီးကတည်းက ကိုလံဘီယာတွင် သတင်းထောက် ၁၀ ဦး သေဆုံးခဲ့သည်။

ကိုလံဘီယာ နိုင်ငံသည် လက်တင်အမေရိကဒေသရှိ ဗင်နီဇွဲလားနှင့် မက္ကဆီကိုနိုင်ငံပြီးနောက် သတင်းထောက်များအတွက် တတိယမြောက်အန္တရာယ်အရှိဆုံး နိုင်ငံဖြစ်ကြောင်း နယ်စည်းမခြား သတင်းထောက်များအဖွဲ့က ပြောသည်။ **အေအက်ဖ်ပီ**

# ဂါနာအမျိုးသားတိရစ္ဆာန်ရုံ၌ ခြင်္သေ့တစ်ကောင် တိုက်ခိုက်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံး

**အက်ရာ ဩဂုတ် ၂၉**

ဩဂုတ် ၂၈ ရက်က ဂါနာအမျိုးသားတိရစ္ဆာန်ရုံရှိအတွင်းဘက်ခြံစည်းရိုးကို တွယ်တက်မှုပြုလုပ်ပြီးနောက် ခြင်္သေ့တစ်ကောင်၏ တိုက်ခိုက်မှုကြောင့် လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ဂါနာ သစ်တောကော်မရှင်၏ ထုတ်ပြန်ချက်အရ သိရသည်။

တိရစ္ဆာန်ရုံတာဝန်ရှိသူများသည် ပုံမှန်လှည့်ကင်းဆောင်ရွက်နေစဉ် အချီမိုတာသစ်တော၌ရှိသော တိရစ္ဆာန် ရုံမှ လုံခြုံရေးခြံစည်းရိုးကို ကျော်ဖြတ်ကာ ခြင်္သေ့လှောင်အိမ်အတွင်းသို့ ခုန်ချခဲ့သော ကျူးကျော်သူတစ်ဦးကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဆိုပါ ကျူးကျော်သူသည် လှောင်အိမ်အတွင်း ခြင်္သေ့များထဲမှ တစ်ကောင်၏တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကာ နောက်ပိုင်းတွင်ရရှိသည့် ပြင်းထန်သောဒဏ်ရာကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး ရုပ်အလောင်းကို ရင်ခွဲရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် တိရစ္ဆာန်ရုံမှ ခြင်္သေ့တစ်ကောင်မှ လွတ်မြောက်သွားခြင်းမရှိကြောင်း၊ အဆိုပါ အမျိုးသားသည် မည်သည့်ရည်ရွယ်ချက်ကြောင့် ခြင်္သေ့လှောင်အိမ်အတွင်း ကျူးကျော်ဝင်ရောက်သည်ကို မသိရှိရသေးကြောင်းနှင့် ဆက်လက်စုံစမ်းနေဆဲဖြစ်ကြောင်း သစ်တောကော်မရှင်က ပြောသည်။ **ဆင်ဟွာ**



# အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား ခြောက်ဦး ထိခိုက်ဒဏ်ရာရ

**လော့အိန်ဂျလိစ် ဩဂုတ် ၂၉**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်ရှိ လူစည်ကားသော ဘားတစ်ခုအတွင်း ဩဂုတ် ၂၈ ရက်က သေနတ်ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသတွင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ ပစ်ခတ်မှုသည် ဟောလီးဝုဒ်ဘား၌ ဒေသစံတော်ချိန် ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ လူအများကြားတွင် ခိုက်ရန် ဖြစ်ပွားခဲ့ပြီးနောက် အမျိုးသားတစ်ဦးက သေနတ်တစ်လက်ကို ဆွဲထုတ်ကာ လူအုပ်ထဲသို့ ပစ်ခတ်လိုက်ကြောင်း မျက်မြင်သက်သေများက ရဲတပ်ဖွဲ့သို့ ပြောသည်။ အဆိုပါ ပစ်ခတ်မှုကြောင့် အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ဖြစ်ပြီး တစ်ဦးမှာ စိုးရိမ်ဖွယ်ရာ အခြေအနေတွင်ရှိကြောင်း၊ သံသယရှိသူသည် အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦး ဖြစ်ပြီး ဖမ်းဆီးထိန်းသိမ်းထားကြောင်းနှင့် အဆိုပါ ဖြစ်ရပ်နှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# စားသောက်ကုန်ဈေးနှုန်းမြင့်မှုကြောင့် မလေးရှားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း ၄ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်

**ကွာလာလမ်ပူ ဩဂုတ် ၂၉**

မလေးရှားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုသည် ဇူလိုင်လအထိ တစ်နှစ်ပြီးတစ်နှစ် ၄ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဩဂုတ် ၂၉ ရက်က ထွက်ရှိလာသည့် တရားဝင်အချက်အလက်များတွင် ဖော်ပြသည်။

စားသောက်ကုန်ဈေးနှုန်း အညွှန်းကိန်းသည် ၆ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ငွေကြေးဖောင်းပွမှု မြင့်တက်မှုအတွက် အဓိကအကြောင်းအရာအဖြစ် ဆက်လက်ရပ်တည်ခဲ့ကြောင်း မလေးရှားနိုင်ငံ စာရင်းအင်းဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စားသောက်ကုန်အုပ်စုအပြင် ဆက်သွယ်ရေးမှလွဲ၍ အခြားအုပ်စုအားလုံးသည်လည်း ဈေးနှုန်းများ တက်လာခဲ့သည်။ ဇန်နဝါရီလမှ ဇူလိုင်လအထိ ကာလအတွင်း ငွေကြေးဖောင်းပွမှုသည် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးလာခဲ့သည်။ လစဉ်အခြေခံအားဖြင့် ငွေကြေးဖောင်းပွမှုသည် ဇွန်လနှင့်နှိုင်းယှဉ်ပါက ၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ **ဆင်ဟွာ**

# တက္ကသိုလ်ကျောင်းသား ကျောင်းသူများ စာမေးပွဲများဖြေဆိုပြီးစီး၍ နေရပ်များသို့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဩဂုတ် ၂၉

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်အသီးသီးတွင် ၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှ ဩဂုတ် ၁၂ ရက်အထိ ဘွဲ့လွန်နှင့် ဘွဲ့ကြို စာသင်နှစ်ဝက်သင်တန်းများကို ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများသည် အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားခဲ့ကြပြီး ဩဂုတ် ၁၇ ရက်မှ ၂၇ ရက် အထိ ကျင်းပသည့် နှစ်ဝက်စာမေးပွဲများကို ကောင်းမွန်စွာ ဖြေဆိုခဲ့ကြသည်။

ယခုအခါ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမများထံသတင်းပို့၍ မိမိတို့နေရပ်များသို့ ပြန်လည်ထွက်ခွာသွားကြရာ သက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ ဆရာမများက ကြီးကြပ်ပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**



၂၆-၈-၂၀၂၂ ရက်က စစ်ကိုင်းပညာရေးတက္ကသိုလ်မှ နေ့သင်တန်း စာမေးပွဲပြီးစီး၍ နေရပ်ပြန်ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ်နှင့်အဖွဲ့က ပို့ဆောင်နေစဉ်။



၂၄-၈-၂၀၂၂ ရက်က ကျောက်ဆည်တက္ကသိုလ် ကျောင်းတွင်းအဆောင်များမှ နေရပ်သို့ ပြန်ကြမည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။



တောင်ကုတ်တက္ကသိုလ် နေ့သင်တန်း ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုအပြီး နေရပ်ပြန်ရန် ကားများပေါ်သို့ တက်နေစဉ်။



မန္တလေးတက္ကသိုလ် တာဝန်ရှိသူများက နေရပ်ပြန် ကျောင်းသား ကျောင်းသူများအား ပို့ဆောင်ပေးနေစဉ်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၇၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၈၀ | ၂၆၁၅ | ၂၆၄၀ | ၂၆၂၅ | ၂၆၀၅ | ၂၆၉၅ | ၂၇၁၀ | ၂၆၁၀ | ၂၆၁၅ | ၂၆၅၀ | ၂၆၅၅ | ၂၆၅၅ | ၂၈၇၅ | ၃၂၀၅ |
| 95 Ron | ၂၆၃၅ | ၂၆၈၀ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၅ | ၂၆၉၀ | ၂၆၆၅ | ၂၇၆၀ | ၂၇၇၅ | ၂၆၇၅ | ၂၆၉၀ | ၂၇၁၅ | ၂၇၁၅ | ၂၇၂၀ | ၂၉၄၀ | ၃၂၇၅ |
| HSD (500 ppm) | ၃၂၅၅ | ၃၃၀၀ | ၃၂၉၅ | ၃၂၆၅ | ၃၃၀၀ | ၃၃၂၅ | ၃၃၂၀ | ၃၂၈၅ | ၃၄၀၀ | ၃၃၉၅ | ၃၂၉၅ | ၃၃၀၀ | ၃၃၃၅ | ၃၃၄၀ | ၃၃၄၀ | ၃၅၆၀ | ၃၈၈၅ |
| HSD (50 ppm) | ၃၃၃၅ | ၃၃၈၅ | ၃၃၈၀ | ၃၃၄၅ | ၃၃၈၀ | ၃၄၀၅ | ၃၄၀၀ | ၃၃၇၀ | ၃၄၈၅ | ၃၄၈၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၂၀ | ၃၆၄၀ | ၃၉၂၀ |
| HSD (10 ppm) | ၃၃၃၅ | ၃၃၈၅ | ၃၃၈၀ | ၃၃၄၅ | ၃၃၈၀ | ၃၄၀၅ | ၃၄၀၀ | ၃၃၇၀ | ၃၄၈၅ | ၃၄၈၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၂၀ | ၃၆၄၀ | ၃၉၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၅၆ | ၂၅၃၉ |
| 95 Ron | ၂၅၁၈ | ၂၆၀၂ |
| HSD (500 ppm) | ၃၁၂၀ | ၃၂၁၂ |
| HSD (50 ppm) | ၃၂၀၀ | ၃၂၉၄ |
| HSD (10 ppm) | ၃၂၀၀ | ၃၂၉၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၈ ဦးအနက် ၆၀ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၈၆ ရာခိုင်နှုန်းရှိ

(၂၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၇,၉၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၈၆) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၈) ဦးအနက် (၈) ဦး၊ (၁၁.၇၆) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၆၀) ဦး၊ (၈၈.၂၄) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**

**(၂၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၈) ဦး | (၁၁.၇၆) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၆၀) ဦး | (၈၈.၂၄) % |
| **စုစုပေါင်း** | **(၆၈) ဦး** | **(၁၀၀) %** |

- သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၂၇,၂၀၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၅,၀၃၀) ဦး ရှိပြီဖြစ်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၄၉၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်–၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။
- ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လ ရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထပ်မံထိုးနှံရန် လိုအပ်ပါသည်။
- သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂၉**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၀၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၂၇ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၂၇၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၄၆၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၁၀၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၅၂၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၁၇၀၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီးလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးကြကြောင်း သတင်း ရရှိသည်။

သတင်းစဉ်





# ပေါက်တောမြို့နယ်ရှိ IDPs စခန်းများ၌ နေထိုင်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

**ပေါက်တော ဩဂုတ် ၂၉**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ IDPs စခန်းငါးခုဖြစ်သည့် ကြိမ်နီပြင်စခန်း၊ အနောက်ရဲစခန်း၊ ဆင်တက်မော်စခန်း၊ ၄က်ချောင်း(၁)စခန်း၊ ၄က်ချောင်း(၂) စခန်းများ၌ ခိုလှုံနေကြသူများကို ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး(Covaxin) ကို ဩဂုတ် ၂၈ ရက်က သတ်မှတ်စုရပ်နေရာများတွင် ဆက်လက်ထိုးနှံပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်ကုသရေးဦးစီးမှူး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်းများကို ဆောင်ရွက်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးသည်။

အဆိုပါ ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဩဂုတ် ၂၈ ရက်က IDPs စခန်းများတွင် ခိုလှုံနေကြသော ပြည်သူ ၁၀၀၀ တို့ကို ဆက်လက်ထိုးနှံပေးကာ ဩဂုတ် ၂၈ ရက်အထိ စုစုပေါင်း ၃၉၇၅ တို့ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးဖြစ်ကြောင်း မြို့နယ် ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

မြို့နယ် (ပြန်/ဆက်)

**ကမ္ဘာ** တစ်လွှား တောတောင်၊ သစ်တောများအပေါ် ဖြန့်ကြက်ရှုကြည့်လိုက်မည်ဆိုပါက ကြိုးကြာ ငှက်မျိုးစိတ်ပေါင်း ၁၅ မျိုးရှိကြောင်း သိမှတ်ရသည်။ မိမိတို့ မြန်မာနိုင်ငံတွင်မူ မျိုးစိတ်နှစ်မျိုး တွေ့ရှိရပေရာ အမျိုးအစားအားဖြင့် ဌာနေငှက်နှင့် ဆောင်းခိုချိန်ကာလကျက်စားတတ်သော ငှက်ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

ကြိုးကြာခေါင်းနီငှက် ကောင်ရေအများအပြားကို မြန်မာနိုင်ငံ ဧရာဝတီတိုင်းဒေသကြီး တစ်နံ့ တစ်လျား၌ တွေ့ရှိရကြောင်း စစ်တမ်းများက ပြဆိုထားသည်။ အဆိုပါဒေသများအပြင် ပဲခူးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်း၊ ကချင်၊ ရခိုင်ပြည်နယ်များ၌လည်း တွေ့ရှိရကြောင်း သိရှိရသည်။

ယင်းငှက်မျိုးစိတ်များသည် ရေချိုရေဝပ်ဒေသ စပါးကွင်းနှင့် ကြာတောများဝန်းကျင်၌ အုပ်စုဖွဲ့၍ နေထိုင်ကြကြောင်း တွေ့ရှိရသည်။ ဤကဲ့သို့ နေထိုင်ကြရာတွင်လည်း အရွယ်ရောက်ပြီး ကြိုးကြာနှင့် အရွယ်မရောက်သေးသည့် ကြိုးကြာများ စုပေါင်းကာ နေထိုင်ကြသည်ဟု သိမှတ်

**» ယနေ့ ကမ္ဘာတစ်ခွင်တွင်သာမက အမိမြန်မာနိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင် ကောင်းမွန်သည်ဆိုခြင်းကို ဂေဟစနစ် အပါအဝင် နေထိုင်ကျက်စားကြသော သတ္တဝါမျိုးစုံတို့၏ ပေါက်ပွားရှင်သန်ခြင်းက ပြဆိုလျက်ရှိ «**



# သဘာဝပတ်ဝန်းကျင် ကောင်းမွန်ရေးနှင့် ကြိုးကြာခေါင်းနီငှက်ထိန်းသိမ်းရေး

■ သိန်းညွန့်(PZL)

ရသည်။

ထူးခြားချက်အနေဖြင့် မြန်မာနိုင်ငံအတွင်း တွေ့မြင်ရသောကြိုးကြာခေါင်းနီငှက်(Sarus Crane) သည် ကမ္ဘာတစ်ခွင်ပျံသန်းနိုင်သော ငှက်မျိုးစိတ်များအနက် အရပ်အမြင့်ဆုံးမျိုးစိတ်ပင် ဖြစ်သည်။

ကြိုးကြာခေါင်းနီသည် လည်ပင်းမှသည် ခေါင်းပိုင်းအထိ တောက်ပသောအနီရောင်ရှိပြီး ခန္ဓာကိုယ်ပိုင်းသည် မီးခိုးရောင်အမွေးများဖြင့် ဖုံးအုပ်ထားသည်။ ကြိုးကြာခေါင်းနီငှက်အထီးသည် အမထက် ခန္ဓာကိုယ် အနည်းငယ်ကြီးထွားကြသည်။

ကဏန်း၊ ပုစွန်၊ ခရု၊ ငါးလေးများ၊ မြက်ပင်၏ ဥများနှင့် အစေ့အဆန်များသည် ကြိုးကြာ ခေါင်းနီတို့၏ အစားအစာများပင် ဖြစ်ချေသည်။

လူ့ဘောင် ဘဝတွင် သုံးနှုန်းသော တစ်လင်တစ်မယားစနစ်ပုံစံကို ကြိုးကြာခေါင်းနီ ဖိုမမောင်နှံတို့အကြား ကျင့်သုံးကြသည်မှာလည်း စိတ်ဝင်စားဖွယ်ရာပင် ဖြစ်သည်။

မိုးရာသီ မိတ်ပွားရာသီ နီးကပ်လာချိန်တွင် မိတ်ဖက် တွေ့ရှိရသည်နှင့် အုပ်စုအတွင်း ခုန်ပေါက်ကာ တောင်ပံများ ရိုက်ခတ်ကြသကဲ့သို့ အသံအကျယ်အော်မြည်ကာ တစ်ကောင်နှင့် တစ်ကောင် တွန်သံပေးတတ်ကြလေ့ရှိကြောင်း သိရသည်။

ကြိုးကြာခေါင်းနီအကောင်ပေါက်ကလေးများက အမိ၊ အဖဖြစ်သူ ကြိုးကြာများနောက်ပါးသို့ လိုက်ပါ ကျက်စားတတ်ကြပြီး မျိုးပွားမှုမပြုလုပ်ကြသေးသော ကြိုးကြာခေါင်းနီများကမူ အုပ်စုဖွဲ့ကာ နေစရာ၊ အိပ်တန်းတက်မည့် အခင်းအကျင်းနှင့် အစားအစာ ရရှိနိုင်မည့်နေရာ ဒေသများကို ရှာဖွေကာ နေထိုင်ကျက်စားလေ့ရှိကြသည်။

ကြိုးကြာခေါင်းနီ အမသည် တစ်ခါ ဥပါက ပုံမှန်နှစ်လုံးမျှသာ ဥတတ်ကြကြောင်း၊ ဥဝပ်ကာလမှာလည်း ၂၈ ရက်မှ ၃၁ ရက်အထိ ကြာမြင့်တတ်ကြောင်း၊ အချို့သော အသိုက်အအုံများသည် ကြိုးကြာ ပေါက်ကလေးများ ရှင်သန်ရန် အခက်အခဲ ရှိတတ်ကြောင်း သိရသည်။

ယနေ့ကမ္ဘာတစ်ခွင်တွင် သာမက အမိ မြန်မာနိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင် ကောင်းမွန်သည်ဆိုခြင်းကို ဂေဟစနစ်အပါအဝင် နေထိုင်ကျက်စားကြသော သတ္တဝါမျိုးစုံတို့၏ ပေါက်ပွားရှင်သန်ခြင်းက ပြဆိုလျက်ရှိနေပေသည်။

သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီး အပါအဝင် ကြိုးကြာခေါင်းနီငှက်ကောင်ရေ တိုးပွားရေး၊ ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများ အောင်မြင်ထမြောက်ရန် ပြည်တွင်းနှင့် ပြည်ပအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ်တွင် အဓိက ကျလျက်ရှိပါကြောင်း သတင်းစကားပါးလိုက် ရပါသတည်း။ ။

---

# မိုးခေါင်ခြင်းက ရိုမေးနီးယား၏ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုကို ခြိမ်းခြောက်နေ

ရေငတ်နေသည့် သီးနှံစိုက်ခင်းများ တစ်နေ့တခြား တိုးပွားလာခြင်းကြောင့် ယခုနှစ်တွင် ရိုမေးနီးယား၏ ခရိုင်အများစုတွင် စိုက်ပျိုးထုတ်လုပ်မှု လျော့ကျလာနိုင်ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ဆိုသည်။

မိုးခေါင်မှုကြောင့် ရိုမေးနီးယားနိုင်ငံ၏ ခရိုင် ၄၁ ခုအနက် ၃၃ ခုတွင် သီးနှံစိုက်ခင်း ၃၇၅၄၂ ဟက်တာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ပျက်စီးဆုံးရှုံးမှု၏ ၅၄ ရာခိုင်နှုန်းခန့်သည် ဂျုံ၊ ပြောင်းဖူးတွင် ၁၇ ရာခိုင်နှုန်း၊ ဆီထွက်သီးနှံနှင့် နေကြာ ၁၆ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း သိရသည်။ ရိုမေးနီးယား၌ စိုက်ပျိုးနိုင် သောမြေ ဟက်တာ ၁၀ သန်းခန့်ရှိပြီး ဟက်တာ သုံးသန်းသာ ရေသွင်း စိုက်ပျိုးနိုင်သည်။ မိုးခေါင်ရေရှားမှု ဒဏ်ခံရသော သီးနှံစိုက်ခင်းများ၏ အမှန်တကယ်



စိုက်ဧကမှာ တရားဝင် စာရင်းဇယား ဖော်ပြထားမှုထက် များစွာကြီးမား နေသေးပြီး အကျိုးဆက်မှာ ပြင်းထန်မည်ဟု တောင်သူများက ယုံကြည်နေကြသည်။ တရားဝင်ကိန်းဂဏန်းများအရ ရိုမေးနီးယား၏ ဂျုံထုတ်လုပ်မှုသည် ယမန်နှစ်ကထက် ၁၈ ရာခိုင်နှုန်း ကျဆင်းနိုင်ပြီး မိုးခေါင်မှုကြောင့် လယ်သမားများ ပုံမှန်ထက် များစွာစောပြီး ရိတ်သိမ်းရန် တွန်းအားပေးနေသောကြောင့် နေကြာထွက်ရှိမှုမှာလည်း လျော့ကျလာနိုင်သည်။ မိုးခေါင်ရေရှားမှု အကျပ်အတည်းကို ရင်ဆိုင်နေစဉ် ကာလအတောအတွင်း နိုင်ငံတစ်ဝန်းရှိ ဒေသပေါင်း ရာနှင့်ချီ၍ ရေပေးဝေမှုကို ကန့်သတ်ထားသည်။

သဘာဝပတ်ဝန်းကျင်၊ ရေ သယံဇာတနှင့် သစ်တောရေးရာ ဝန်ကြီး တင့်ဖိုစ်ဘာနာ၏ ပြောကြားချက်အရ နယ်မြေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် အလယ်အလတ်မှ လွန်ကဲအဆင့်အထိ မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားနေကြရသည်။ သောက်သုံးရေကို ခြိုးခြံချွေတာ၍ သုံးစွဲကြရန် ဝန်ကြီးက အကြိမ်ကြိမ် တောင်းဆိုခဲ့ပြီး စိုက်ပျိုးရေးအတွက် အသုံးမပြုရန် သတိပေးခဲ့သည်။ ဝန်ကြီးချုပ် နစ်ကိုလေးချူကာက ရေကို ဆင်ခြင်တုံတရားဖြင့် သုံးစွဲခြင်းသည် ကျွန်ုပ်တို့ပြည်သူတစ်ဦးချင်းစီ အတွက် တာဝန်ရှိကြောင်း သတိပေး ပြောကြား လိုက်သည်။

**ကိုးကား – Drought threatens Romania's agricultural production**

**သီဟစည်သူ**

# တောမီးကြောင့် ကာဗွန်လျှော့ချရေးရည်မှန်းချက်နှင့်အလှမ်းဝေးနေဦးမည့် ဥရောပဒေသများ

**မြန်လင်းမောင်**


ပြင်သစ်နိုင်ငံ၌ လောင်ကျွမ်းနေသည့် တောမီးများအား ငြိမ်းသတ်နေကြသည့် မီးသတ်သမားများ။

**"ရာသီဥတုပြောင်းလဲမှုနှင့် မီးလောင်မှုများ တိုးလာခြင်းကြောင့် သစ်တောများသည် ကာဗွန်စုပ်ယူသူများ အဖြစ်မှ ကာဗွန်ထုတ်လွှတ်မှု၏ အရင်းအမြစ်များအဖြစ်သို့ ပြောင်းလဲသွားစေနိုင်ကြောင်း သုတေသနအဖွဲ့က သတိပေး"**

**ဥရောပ** ဒေသတစ်ခွင်၌ အပူလှိုင်းများကျရောက်ပြီးနောက် တောမီးများ ဆက်တိုက်လောင်ကျွမ်းခဲ့သည်။ စံချိန်တင်ဆုံးရှုံးသွားသည့် သစ်တောမြေဧရိယာ ဟက်တာပေါင်း ၇၀၀၀၀၀ ခန့်ပင် ရှိနေပြီ ဖြစ်ပြီး နှစ်ပေါင်း ၅၀၀ ကျော်ကာလအတွင်း အဆိုးရွားဆုံး ဖြစ်ကြောင်း သိရသည်။ ဟက်တာ ၇၀၀၀၀၀ ၏ အကျယ်အဝန်းသည် လူဇင်ဘတ်နိုင်ငံ၏ အရွယ်အစားထက် သုံးဆနီးပါး သို့မဟုတ် အဇာဘိုင်ဂျန်နိုင်ငံ၏ အရွယ်အစားနှင့် အကြမ်းဖျင်းအားဖြင့် တူညီသည့် ပမာဏပင် ဖြစ်သည်။

ဥရောပဒေသ တောမီးများ စောင့်ကြည့်ရေးဆိုင်ရာ သတင်းအချက်အလက်စနစ် (EFFIS) ၏ ကိန်းဂဏန်းများအရ စပိန်နိုင်ငံ၌ ဟက်တာ ၂၈၃၀၀၀ ကျော် တောမီးကြောင့် ဆုံးရှုံးခဲ့ပြီး ယခုအချိန်အထိ ထိခိုက်မှုအပြင်းထန်ဆုံးဖြစ်ကြောင်း သိရသည်။ ရိုမေးနီးယား၌ ၁၅၀၇၃၅ ဟက်တာ၊ ပေါ်တူဂီ၌ ၈၆၆၃၁ ဟက်တာ၊ ပြင်သစ်၌ ၆၂၁၀၂ ဟက်တာနှင့် အီတလီ၌ ၄၂၈၃၅ ဟက်တာ ပမာဏရှိသည့် သစ်တောဧရိယာများ ဆုံးရှုံးသွားကြောင်း သိရသည်။

ရာသီဥတု ဖောက်ပြန်မှုကြောင့် လောင်ကျွမ်းနေသော တောမီးသည် လွန်ခဲ့သော အနှစ် ၂၀ က ကမ္ဘာ့သစ်ပင်ဖုံးလွှမ်းမှုထက် နှစ်ဆ ပိုမိုလောင်ကျွမ်းခြင်းဖြစ်ပြီး ဩဂုတ်လ ၁၇ ရက်အထိ ကိန်းဂဏန်းများအရ တစ်မိနစ်လျှင် ဘောလုံးကွင်း ၁၆ ကွင်းနှင့် ညီမျှသော နှုန်းဖြင့် သစ်တောဧရိယာများ ဆုံးရှုံးလျက်ရှိသည်။

၂၀၀၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တောမီးလောင်ကျွမ်းမှု တစ်နှစ်လျှင် သစ်တောဟက်တာ ၃ သန်းခန့် ဆုံးရှုံးနေကြောင်း လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း တောမီးများ လောင်ကျွမ်းမှုအခြေအနေ အသေးစိတ်သုတေသနပြုချက်တစ်ခုတွင် ဖော်ပြသည်။



ကမ္ဘာ့သစ်တောများ စောင့်ကြည့်ရေးအဖွဲ့၏ ၂၀၂၁ ခုနှစ်အထိ တောမီးကြောင့် သစ်တောများ ဆုံးရှုံးမှုအခြေပြပုံ။

ကမ္ဘာပေါ်ရှိ သစ်ပင်ဖုံးလွှမ်းမှု အများဆုံးရှိပြီး ကာဗွန်သိုလှောင်မှု အများဆုံးဖြစ်သည့် ရုရှား၊ ကနေဒါနှင့် အလက်စကာနိုင်ငံတို့၌ သစ်တောဆုံးရှုံးမှု အများဆုံးဖြစ်ပေါ်နေကြောင်း လေ့လာမှုက ဖော်ပြသည်။ မေရီလန်းတက္ကသိုလ်မှ သုတေသနအဖွဲ့များက တောမီးများ အပါအဝင် ကမ္ဘာ့သစ်တော ဖုံးလွှမ်းမှု လျော့ကျမှုနှုန်းနှင့် သစ်တောဆုံးရှုံးမှု အခြေပြမြေပုံရေးဆွဲနိုင်ရန် ဂြိုဟ်တုဓာတ်ပုံများကို အသုံးပြုခဲ့သည်။ တောမီးများသည် သစ်တော၏ဖုံးလွှမ်းမှု အားလုံးကို သို့မဟုတ် အများစုကို ဆုံးရှုံးစေလျက်ရှိပြီး သစ်တောဖွဲ့စည်းပုံနှင့် မြေဆီလွှာ အရည်အသွေးပြောင်းလဲမှုများကို ဖြစ်ပေါ်စေလျက်ရှိသည်။ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၁ ခုနှစ်သည် ၂၀ ရာစုနောက်ပိုင်း တောမီးလောင်ကျွမ်းမှု အဆိုးရွားဆုံးနှစ်များထဲမှ တစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် သစ်ပင်ဖုံးလွှမ်းမှု ဟက်တာ ၉ ဒသမ ၃ သန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

"ကမ္ဘာတစ်ဝန်း တောမီးတွေ ပိုပိုပြီးတော့ ဆိုးလာတယ်" ဟု ကမ္ဘာ့သစ်တောများ စောင့်ကြည့်ရေးအဖွဲ့မှ သုတေသနပညာရှင် ဂျိမ်းမက်ကာသီက ပြောကြားသည်။ ပြင်သစ်၊ စပိန်နှင့် ပေါ်တူဂီတို့၌ သစ်တောဟက်တာ ထောင်ပေါင်းများစွာ ဆုံးရှုံးခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အနောက်ဥရောပ၌ စံချိန်တင် တောမီးလောင်ကျွမ်းမှုများ ကြုံတွေ့ခဲ့ရကြောင်း ဥရောပသမဂ္ဂ၏ ဂြိုလ်တု စောင့်ကြည့်ရေး ဝန်ဆောင်မှုအဖွဲ့က ပြီးခဲ့သည့် သီတင်းပတ်တွင် ထုတ်ပြန်သည်။

သစ်တောများသည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၅၀ ကထက် ငါးဆခန့် ပိုမိုခြောက်သွေ့သွားပြီး အပူလှိုင်းများနှင့်အတူ ရာသီဥတုပြောင်းလဲမှုက တောမီးလောင်ကျွမ်းမှုများအတွက် အဓိကမောင်းနှင်အားသဖွယ် ဖြစ်လာကြောင်း သုတေသီများက ပြောကြားသည်။ ဤခြောက်သွေ့သော အခြေအနေများသည် မီးလောင်ကျွမ်းမှုမှ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု ပိုမိုမြင့်မားလာစေပြီး "တောမီး-ရာသီဥတု တုံ့ပြန်မှုကွင်းဆက်" ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ရာသီဥတုပြောင်းလဲမှုကို ပိုမိုဆိုးရွားလာစေသည်ဟု ၎င်းတို့က ဆိုသည်။

**ကာကွယ်ရေးအတွက် အကောင်းဆုံးနည်းလမ်း**

ပြီးခဲ့သော ဆယ်စုနှစ် နှစ်ခုအတွင်း တောမီးနှင့် ဆက်စပ်သည့် သစ်တောဆုံးရှုံးမှု၏ ၇၀ ရာခိုင်နှုန်းခန့်သည် လတ္တီတွဒ်မြင့်သော ဒေသများ၌ ကျန်ကမ္ဘာ့နေရာများထက် ပိုမိုမြန်ဆန်စွာ ပူနွေးလာခြင်းကြောင့် ဖြစ်နိုင်ပြီး အများစုမှာ ဘိုရီရယ်ဒေသများ၌ ဖြစ်ပွားသည်။ ဘိုရီရယ်ဒေသများမှာ မြောက်ဘက်ကမ္ဘာခြမ်းရှိ သစ်တောများ၊ ရွှံ့နွံများနှင့် ရေကန်များ ပါဝင်သည့် ကျယ်ပြောလှသော ဒေသများဖြစ်ပြီး ဥရောပသမဂ္ဂအတွင်း၌ ဆွီဒင်၊ ဖင်လန်၊ အက်စ်တိုးနီးယား၊ လတ်ဗီးယားနှင့် လစ်သူယေးနီးယားနိုင်ငံနှင့် ဘောလ်တစ်ပင်လယ်ဒေသ အများစု ပါဝင်သည်။

ရုရှားနိုင်ငံ၌ ယမန်နှစ်က မီးလောင်ကျွမ်းမှုကြောင့် သစ်ပင်ဖုံးလွှမ်းမှု ဟက်တာ ၅ ဒသမ ၄ သန်း ဆုံးရှုံးခဲ့ပြီး ၂၀၂၀ ပြည့်နှစ်ထက် ၃၁ ရာခိုင်နှုန်းအထိ စံချိန်တင်တိုးမြင့်လာခဲ့သည်။

ရာသီဥတု ပြောင်းလဲမှုနှင့် မီးလောင်မှုများ တိုးလာခြင်းကြောင့် သစ်တောများသည် ကာဗွန်စုပ်ယူသူများအဖြစ်မှ ကာဗွန်ထုတ်လွှတ်မှု၏ အရင်းအမြစ်များအဖြစ်သို့ ပြောင်းလဲသွားစေနိုင်ကြောင်းသုတေသနအဖွဲ့က သတိပေးထားသည်။

ယခုရာစုနှစ်အတွင်း အပူပိုင်းဒေသများ၌ တောမီးနှင့် ဆက်စပ်သည့် သစ်တောဆုံးရှုံးမှု တစ်နှစ်လျှင် ဟက်တာ၃၆၀၀၀၀ (ရာခိုင်နှုန်းအားဖြင့် ၅ ရာခိုင်နှုန်း) ခန့် တိုးလာကြောင်း လေ့လာမှုရလဒ်များက သက်သေပြနေသည်။ ထို့ကြောင့် သစ်တောပြုန်းတီးမှု အဆုံးသတ်ရန်နှင့် ထိန်းချုပ်မီးရှို့ခြင်း အပါအဝင် ဒေသန္တရသစ်တောစီမံခန့်ခွဲမှု အလေ့အကျင့်များကို ကန့်သတ်ခြင်းဖြင့် သစ်တောများ ခံနိုင်ရည်ရှိအောင် မြှင့်တင်ရန်အတွက် အစီအမံများ ချမှတ်လုပ်ဆောင်ရန် သုတေသနအဖွဲ့က အစိုးရများကို တောင်းဆိုထားသည်။ သစ်တောများသည် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန် ကျွန်ုပ်တို့အတွက် အကောင်းဆုံးသော ကာကွယ်ရေးနည်းလမ်း တစ်ခုပင်ဖြစ်ကြောင်း မက်ကာသီ ပြောကြားသည်။

ရာသီဥတု ဖောက်ပြန်မှုကြောင့် လောင်ကျွမ်းနေသော တောမီးသည် လွန်ခဲ့သော အနှစ် ၂၀ က ကမ္ဘာ့သစ်ပင်ဖုံးလွှမ်းမှုထက် နှစ်ဆ ပိုမိုလောင်ကျွမ်းခြင်း ဖြစ်ပြီး ဩဂုတ်လ ၁၇ ရက်အထိ ကိန်းဂဏန်းများအရ တစ်မိနစ်လျှင် ဘောလုံးကွင်း ၁၆ ကွင်းနှင့် ညီမျှသော နှုန်းဖြင့် သစ်တောဧရိယာများ ဆုံးရှုံးလျက်ရှိ

ကိုးကား –
Climate change driving unprecedented forest fire loss

# လူနဲ့လူ

သမားအို

**ကိုဗစ်-၁၉ ကပ်ရောဂါကြီးဟာ ၂၀၁၉ ခုနှစ်အကုန်မှာ စခဲ့တာ။ ၂၀၂၂ ခုနှစ်ကုန်ရင် သုံးနှစ်ပြည့်ပါတော့မယ်။ သမားအိုအနေနဲ့ ကပ်ရောဂါကြားထဲမှာ ရှင်သန်ခွင့်ရခဲ့တဲ့ သုံးနှစ်တာအတွင်းမှာ လေ့လာ သုံးသပ်မိသမျှကို စာချစ်သူတို့ထံ ရသမျှသတင်းစကားတွေ ဖြန့်ဝေဖြစ်ခဲ့ပါတယ်။ အဲဒီအထဲက အနှစ်ချုပ်ပြီး သုံးသပ်ကြည့်ရင် ကဏ္ဍလေးရပ်ကို တွေ့မိပါတယ်။ ရောဂါပိုးနဲ့လူ၊ လူနဲ့ရောဂါပိုး၊ ရောဂါပိုးအချင်းချင်း ဆက်နွယ်မှုအပြင် လူ - လူချင်း ကပ်ရောဂါအတွင်းဖြစ်ပေါ်နေတဲ့ ဆက်ဆံရေးကို သုံးသပ်မိပါတယ်။**

> ❍ **ရေထဲမိုးထဲ ကပ်ရောဂါကြီးထဲမှာ ကမ္ဘာ့လူ့အဖွဲ့အစည်းကြီးဟာ ဘယ်လို အဖွဲ့အစည်းဆိုတာ ဘွားခနဲပေါ်လာတယ်။ "တစ်ကိုယ်ကောင်းဆန်တဲ့ လူ့အဖွဲ့အစည်း" အဖြစ် ထင်ထင်ပေါ်လာပါတယ်။ စောင့်ရှောက်ရမယ့် လောကပါလတရားတွေကို ဘေးချိတ်ပြီး "တစ်ယောက်အခက်၊ တစ်ယောက်အချက်" အဖြစ်နဲ့ အခွင့်ကောင်းတွေစောင့်ပြီး ရယူအသုံးချ ကြီးပွားသွားကြတာကို တွေ့နေရပါတယ်။ ရောဂါကို မတိုက်ခိုက်ဘဲ လူလူချင်း တိုက်ခိုက်ကြတာထက် ပိုဆိုးတာက ရောဂါကာကွယ်ရေး လုပ်ပေးနေတဲ့လူတွေကို ဦးတည်ရန်ပြုလာတာကို တွေ့ရတာ ဝမ်းနည်းစရာပါပဲ**

### ပိုးနဲ့လူ

၂၀၁၉ ခုနှစ်အကုန်လောက်မှာ တရုတ်နိုင်ငံ ဝူဟန်မြို့ပေါ်မှာ ကူးစက်မြန် ပြင်းထန်အဆုတ်ရောင်ရောဂါတွေ စပေါ်လာခဲ့ပါတယ်။ Severe Acute Respiratory Syndrome-SARS ကို ၂၀၀၃ ခုနှစ်က ဟောင်ကောင်မှာ စတွေ့ချိန်ကနဲ့ ဖြစ်ပုံချင်းတူနေပါတယ်။ ရောဂါပိုးကို လေ့လာကြတော့ ကိုရိုနာဗိုင်းရပ်စ်ပိုး နောက်ထပ်တစ်မျိုးဖြစ်တဲ့အတွက် ဒုတိယ SARS ဒါမှမဟုတ် SARS-Cov-2 ကို သိပ္ပံနည်းကျ အမည်တပ်ပါတယ်။ အများလက်ခံမှတ်မိအောင်လို့ ကိုဗစ်-၁၉ (Covid-19) ဆိုပြီး အမည်တပ်ခဲ့ရာ တစ်ကမ္ဘာလုံးပျံ့နှံ့တဲ့ ကပ်ရောဂါကြီးအဖြစ်နဲ့ ကမ္ဘာတုန်သွားစေခဲ့ပါတယ်။ ၁၆-၈-၂၀၂၂ ရတဲ့စာရင်းအရ လူပေါင်းသန်းပေါင်းခြောက်ရာလောက် ရောဂါဖြစ်ခဲ့ပြီး ခြောက်သန်းကျော်သေကျေပျက်စီးခဲ့ပါပြီ။ (ဆယ်သန်းကျော်သေခဲ့ပြီလို့ အချို့က ဆိုပါတယ်။)

### လူနဲ့ပိုး

ကိုဗစ်-၁၉ ရယ်လို့ အမည်တပ်ခဲ့တဲ့အချိန်ကစပြီး ယနေ့အထိ ထိန်းလို့မရနိုင်တဲ့ ကပ်ရောဂါပိုးဖြစ်ရတဲ့အကြောင်းရင်းကိုကြည့်ရင် ပိုးကအစွမ်းထက်တာပါသလို လူတွေက ပိုးကိုအားဖြည့်ကူညီပေးနေသလိုဖြစ်နေတာကို တွေ့ရပါတယ်။ ပုံမှန်အားဖြင့် ဗိုင်းရပ်စ်ပိုးဟာ လူ့ကိုယ်ထဲဝင်လာရင် လူမှာရောဂါဖြစ်မယ်။ သေမယ်။ သေရင် လူက ဗိုင်းရပ်စ်နဲ့ အတူတူသေမယ်။ လူမှာ ရောဂါဖြစ်နေချိန် ရောဂါလက္ခဏာတွေ မပေါ်ခင်ကဘဲ တခြားသူတွေဆီ ကူးသွားမယ်။ ဆင့်ပွားကူးစက်ရင်း လူတွေရဲ့ကိုယ်ခံအားကို မခံနိုင်လို့ဗိုင်းရပ်စ်ပိုးတွေ သေသွားမယ်။ ဒါပေမယ့် ကိုဗစ်-၁၉ က ပုံမှန်အတိုင်းဖြစ်မလာဘူး။ ဗီဇပြောင်းမျိုးကွဲတွေအမျိုးမျိုးနဲ့ လူတွေကို တစ်ကျော့ပြီးတစ်ကျော့ နှိပ်စက်လာတယ်။ အကြောင်းရင်းကတော့ လူတွေဟာ ပိုးဖြန့်ရင်း ဗီဇကွဲတွေပေါ်အောင် ကူညီသလိုဖြစ်ရတယ်။

### ပိုးနဲ့ပိုး

အစကတော့ ကိုဗစ်-၁၉ ပိုးတစ်မျိုးတည်းရှိခဲ့တယ်။ လူအများစု ၇၀ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်းလောက် ရောဂါရပြီးရင် နောက်ထပ်မကူးနိုင်တော့ဘူးလို့ Herd Immunity သီအိုရီက ဆိုတယ်။ အခုကျတော့ ကိုဗစ်-၁၉ ကူးပြီးတဲ့သူလည်း ပြန်ကူးတယ်။ ကာကွယ်ဆေး ထိုးထားပြီးသားလူကလည်း ပြန်ကူးတယ်။ (သေကောင်ပေါင်းလဲမဖြစ်အောင်တော့ ကာကွယ်ဆေးက ကူနိုင်တယ်။) ကိုဗစ်-၁၉ ထဲကပဲ အယ်လ်ဖာ၊ ဘီတာ၊ ဂါမာ၊ ဒယ်လ်တာ မျိုးကွဲတွေများများလိုက်တာ၊ အခု အိုမီခရွန်မျိုးကွဲအထိပဲ။ အိုမီခရွန်ထဲမှာမှ BA-1, BA-2, BA-4, BA-5 ။ အခုနောက်ဆုံး BA-2 ထဲကနေပြီး BA-2.75 ဆိုတဲ့ မျိုးကွဲ ဆင်တောရပ်စ်ဆိုတာ ပေါ်လာစေပြန်တယ်။ အခုနောက်ဆုံး မြန်မာပြည်မှာ ပြည်တွင်းကူးစက်မှုပုံစံနဲ့ တွေ့ရတဲ့ပိုးကတော့ BA-2.76 ဖြစ်နေတယ်။ ပိုးတွေပြိုင်ကြရင်း လူတွေဒုက္ခရောက်နေတာ နေ့စဉ်ကမ္ဘာပေါ်မှာ ရောဂါကူးစက်မှု တစ်သန်းကနေ သုံးသန်းကျော်အထိ ရှိနေပါတယ်။ ပိုးပိုးချင်း နှိမ်နင်းနိုင်မယ့် နည်းပညာတွေ တီထွင်နေကြပေမယ့် အချိန်အတော်ကြာ လိုလိမ့်ဦးမယ်။

### လူနဲ့လူ

လူရယ်၊ ပိုးရယ် နှစ်ခုတွဲကို ထီထိုးသလိုတွက်ကြည့်လိုက်ရင် လေးမျိုးတွေ့ရမယ်။ အခု ဆောင်းပါးမှာတော့ ကပ်ရောဂါကြီးအတွင်း လူနဲ့လူတို့ ဘယ်လိုတွေ ဆက်စပ်နေကြသလဲဆိုတာကို လေ့လာမိသမျှ တင်ပြလိုပါတယ်။

(က) ကျန်းမာရေးကဏ္ဍ၊

(ခ) စီးပွားရေးကဏ္ဍ၊

(ဂ) နိုင်ငံရေးကဏ္ဍ၊

(ဃ) ပညာရေးကဏ္ဍ၊

(င) လူမှုဆက်ဆံရေးကဏ္ဍဆိုတဲ့ ကဏ္ဍငါးရပ်လောက်ကိုပဲ လွယ်လွယ်ကူကူ သုံးသပ်ဆင်ခြင်မိပါတယ်။ အဲဒီအထဲမှာ တကယ်အရေးကြီးပြီး ကျယ်ပြန့်လှတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟဗေဒစနစ်အကြောင်းတွေ၊ ကမ္ဘာ့ရာသီဥတု အရေးပေါ်အခြေအနေနဲ့ ကပ်ရောဂါဆက်စပ်မှုတွေ မပါဝင်သေးပါဘူး။ ကပ်ရောဂါနဲ့ လောလောဆယ် မသေအောင်ကြိုးစားနေရတာနဲ့ လက်တစ်ကမ်းက (Climate Crisis) ပြဿနာတွေကို မကိုင်တွယ်ရဲပါ။

**( က ) ကျန်းမာရေးကဏ္ဍ**

ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးဟာ တစ်ကမ္ဘာလုံးရဲ့ ကျန်းမာရေးမဏ္ဍိုင်ကို ရိုက်ချိုးဖျက်ဆီးပစ်လိုက်ပါပြီ။ ကျန်းမာရေးမှာ ဆရာတင်ရတဲ့ အင်္ဂလန်နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဟာလည်း ယိုင်နဲ့သွားပါတယ်။ လူချမ်းသာတွေနေတဲ့ အမေရိကန်ပြည်ကြီးဟာလည်း ကမ္ဘာ့ထိပ်တန်းကပ်ရောဂါဖြစ်ပွားရာနိုင်ငံကြီးအဖြစ် ဗိုလ်စွဲနေပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်နေတဲ့ ရှေ့တန်းတိုက်စစ်မှူးတွေထဲမှာ သူနာပြုတွေ (အားလုံးနီးပါး) ခြေကုန်လက်ပန်းကျရုံမက စိတ်လောင်ကျွမ်းမှု (Burnt Out) ဖြစ်နေကြရပါတယ်။ အသက်ရှူရင်းနဲ့လည်း ကူးတယ်၊ စကားပြောရင်းနဲ့လည်း ကူးတယ်၊ ထိတွေ့ရင်းနဲ့လည်း ကူးတယ်၊ လူချင်းထိတွေ့မှုမရှိဘဲနဲ့လည်း ဘယ်တုန်းက ဘယ်သူ့ထံ ဘယ်လိုတင်ကျန်နေခဲ့မှန်းမသိတဲ့ ရောဂါပိုးတွေကို ကြားခံပစ္စည်းကနေတစ်ဆင့် ကူးတယ်၊ လက်ကို ပဲကြီးရေခွံလိုက်အောင် ဆေးနေရင်းနဲ့လည်း ကူးတယ်၊ သုံးပေအကွာနေလည်း ကူးတယ်၊ ခြောက်ပေအကွာနေလည်း ကူးတယ်၊ မတ်စ်တပ်ထားပေမယ့်လည်း ဘယ်တုန်းက ဘယ်လိုကူးမှန်းမသိ ကူးတယ်၊ ကာကွယ်ဆေးတွေ အကြိမ်ကြိမ် ထိုးထားပြီးလျက်သားနဲ့လည်း ကူးတယ်။ ကိုယ်တွေ့ပါ။

ဒါပေမယ့် ကာကွယ်ဆေးတွေ အကြိမ်ကြိမ်ထိုးခဲ့လို့လည်း မသေဘဲ အခုလို စာရေးနေနိုင်တာပါ။ ကိုဗစ်-၁၉ နဲ့ မသေချင်ရင်တော့ ကာကွယ်ဆေးတွေကို သေသေချာချာထိုးပါ။ ကုရာနတ္ထိဆေးမရှိသေးပါ။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မျက်နှာငယ်နေရတဲ့ ကျန်းမာရေးကဏ္ဍကို ထပ်ပြီး ထပ်ပြန်အလဲထိုးနေတဲ့ ပိုးပေါင်းသောင်းခြောက်ထောင်တွေကလည်း မညှာမတာဘဲ ပေါ်နေပြန်ပါတယ်။ ရောဂါဖြစ်ပြီးမသေရင် ရှင်မယ်လို့ထင်ရတဲ့ကိစ္စကလည်း မပြီးပြတ်ဘဲ နာတာရှည်ကိုဗစ် (Long Covid) ဆိုပြီး နှစ်နဲ့ချီ နှိပ်စက်ခံရတဲ့ထဲမှာ ကလေးတွေ ရှေ့တန်းကပါလာတာ စိုးရိမ်စရာဖြစ်လာပြန်ပါသေးတယ်။ ကမ္ဘာကြီးမှာ ကပ်ရောဂါကြောင့် စိတ်မချမ်းသာကြရတဲ့ကြားထဲမှာ ချမ်းသာသွားကြသူတွေကတော့ ဆေးသည်တွေ၊ ဈေးသည်တွေပဲ ဖြစ်ပါတယ်။ ကာကွယ်ဆေးတွေ၊ ကုသဆေးတွေ၊ ဆေးမြီးတိုတွေ၊ အားဆေးတွေ၊ အားရှိပါတယ်ဆိုတဲ့ပစ္စည်းတွေ ရောင်းချရင်း ခေတ်ပျက်သူဌေးတွေ ဖြစ်သွားကြတာလည်း တွေ့ရပါတယ်။

**( ခ ) စီးပွားရေးကဏ္ဍ**

ဆေးသည်တွေ၊ ဈေးသည်တွေ ကပ်ရောဂါနဲ့ ပတ်သက်ပြီး ခေတ်ပျက်သူဌေးဖြစ်သွားကြတယ်ဆိုတဲ့လူတွေက လူနည်းစုပါ။ ထိပ်တန်းကမ္ဘာ့စီးပွားရေးကြီးကလည်း ချွတ်ခြုံကျလုဆဲဆဲမှာ ရှိပါတယ်။ ရောဂါမပြန့်ပွားအောင် ပိတ်ဆို့မှု (Lock down) တွေလုပ်ရတယ်။ အိမ်မှာပဲနေဖို့ (Stay at Home) တွေလုပ်နေရတယ်။ စက်ရုံအလုပ်ရုံတွေကို ပိတ်ရတယ်။ ခရီးသွားလာမှုတွေကို ရပ်ဆိုင်းပစ်ရတယ်။ လမ်းဘေး စားသောက်ဆိုင်လေးတွေတောင် ထွက်ခွင့်မရတော့ဘူး။ Smokeless Industry လို့ခေါ်တဲ့ မီးခိုးမထွက်စက်ရုံတွေလို့ တင်စားတဲ့ ခရီးသွားလုပ်ငန်းတွေ အကြီးအကျယ် ထိခိုက်သွားခဲ့တယ်။ သတ္တိရှိရှိကြိုးစားပမ်းစားနဲ့ နာလန်ထူဖို့ လုပ်ကြပေမယ့်လည်း ကပ်ရောဂါရဲ့ ဒုတိယလှိုင်း၊ တတိယလှိုင်း၊ စတုတ္ထလှိုင်း၊ ပဉ္စမလှိုင်း၊ ဆဋ္ဌမလှိုင်း၊ (အခုဆိုရင် ဂျပန်ပြည်တွင် သတ္တမလှိုင်း) စတဲ့ လှိုင်းဒဏ်ကို အဖန်ဖန်ခံစားနေရင်း သောကတွေ၊ ဒုက္ခတွေ၊ ဒေါမနဿတွေကို လွှမ်းခြုံပြီး ဖြစ်နေတဲ့ စီးပွားရေးကဏ္ဍကို တွေ့နိုင်ပါတယ်။ ရေထဲမိုးထဲ ကပ်ရောဂါထဲကျမှ အရေးပါမှန်းသိလာရတဲ့ လူတွေထဲမှာ ရွှေ့ပြောင်းလုပ်သား(Migrant Workers)တွေက ရှေ့တန်းမှာရှိနေတယ်။ သူတို့ရဲ့ ကျန်းမာရေးပြဿနာတွေသာမကတော့ဘဲ စီးပွားရေးပြဿနာတွေ၊ လူမှုရေးပြဿနာတွေ မျိုးစုံပေါ်လာတယ်။ သူတို့ကို မှီခိုနေရတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက အစ အိမ်ရှင်မတွေအဆုံး ပြဿနာတွေနဲ့ လုံးထွေးနေကြရပါတယ်။

စီးပွားရေးဆုတ်ကပ်ကြီးတစ်ခု ဖြစ်လာမှာကို စိုးရိမ်နေရတဲ့အထဲမှာ ဆေးဝါးထုတ်လုပ်ရေး၊ ကုန်သွယ်ရေး၊ ဖြန့်ချိရောင်းချရေးအထိ ကုန်ကြမ်းထုတ်တဲ့နိုင်ငံ၊ ကုန်ချောထုတ်တဲ့နိုင်ငံတွေရဲ့ အခက်အခဲတွေကိုပါ မျက်လုံးဒေါက်ထောက်ကြည့်နေကြရပါတယ်။

**( ဂ ) နိုင်ငံရေးကဏ္ဍ**

ကိုယ့်နိုင်ငံရဲ့ အမျိုးသားရေးအကျိုးစီးပွားနဲ့ ကမ္ဘာကြီးရဲ့အကျိုးစီးပွားကို ငဲ့ညှာထောက်ထားတဲ့ နိုင်ငံရေးကဏ္ဍက ပုဂ္ဂိုလ်တွေကိုလည်း တွေ့ရတယ်။ ကပ်ရောဂါအပေါ်မှီပြီး နိုင်ငံရေးလုပ်စားတဲ့ (Politicize) လုပ်တဲ့ စားဖားကြီးတွေလည်း တွေ့ရတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြီးကို ထိရောက်စွာ နှိမ်နင်းနိုင်မယ်လို့ အားကိုးထားတဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီးတွေဟာလည်း ရောဂါထိန်းချုပ်ဖို့တောင် မလုပ်နိုင်ဘဲ နိုင်ငံရေးကစားကွက်တွေထဲမှာ တဝဲလည်လည်ဖြစ်နေတာ အခုထိပါပဲ။ ဝူဟန်ကစတဲ့ ကူးစက်ရောဂါကို တရုတ်နိုင်ငံက အချိန်တိုအတွင်း ထိန်းချုပ်နိုင်ခဲ့ပေမယ့် ကပ်ရောဂါကြီးဖြစ်လာအောင် ကမ္ဘာပြန့်သွားရတဲ့ကိစ္စမှာ တာဝန်ရှိတဲ့ အဖွဲ့အစည်းတွေ၊ နိုင်ငံ့ခေါင်းဆောင်တွေ အများအပြားရှိခဲ့ပါတယ်။ ရောဂါဘယ်ကစလဲဆိုတာကို အငြင်းပွားလိုက်၊ တစ်ယောက်ကိုတစ်ယောက် လက်ညှိုးထိုးလိုက်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ဟာ ဘက်လိုက်တယ်လို့ စွပ်စွဲပြီး အမေရိကန်သမ္မတ ထရမ့်က အကူအညီဖြတ်တောက်ပြီး နုတ်ထွက်လိုက်၊ နောက်တက်လာတဲ့ သမ္မတက WHO ထဲပြန်ဝင်လိုက်၊ WHO ရဲ့ ခေါင်းဆောင်ပိုင်းကလည်း ယောင်ဝါးယောင်ဝါးနဲ့ စကားတွေ၊ အကြံဉာဏ်တွေ ထုတ်နေရုံကလွဲပြီး အောက်ခြေမှာ အကောင်အထည်ပေါ်မှ ဖြစ်မယ့် ကပ်ရောဂါနှိမ်နင်းရေးအလုပ်တွေ တကယ်ဖြစ်လာအောင် အာရုံမစိုက်နိုင်ခဲ့ရုံမက COVAX ဆိုတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ မျှမျှတတ ဖြန့်ဝေနိုင်ရေးအတွက် ထိထိရောက်ရောက် မလုပ်နိုင်ခဲ့ဘူး။

အခုနောက်ဆုံး ကျွန်းနိုင်ငံလေးဖြစ်တဲ့ မာရှယ်ကျွန်းစုမှာ နှစ်နှစ်ကျော်ကြာမှ ရောဂါပျံ့နှံ့လာတာ တွေ့နေရပါတယ်။ တစ်ချိန်က (၂၀၂၀ ပြည့်နှစ်) က နာမည်ကောင်းရခဲ့တဲ့ တောင်ကိုရီးယား၊ ဗီယက်နမ်နိုင်ငံတွေမှာမှ တစ်နေ့တစ်နေ့ သိန်းချီပြီး ရောဂါကူးစက်ခံလာရတာ တွေ့ရတယ်။ နယူးဇီလန်ကျွန်းနိုင်ငံဟာဆိုရင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ မပြန့်ပွားအောင် ရွေးကောက်ပွဲကိုပါ ရွှေ့ဆိုင်းခဲ့သေးတယ်။ အဲဒီအချိန်မှာ အမေရိကန်နိုင်ငံက ထရမ့်ကို ထောက်ခံသူတွေဟာ လွှတ်တော်အဆောက်အအုံကိုပါ ဝင်ရောက်စီးနင်းခဲ့တယ်။ ကပ်ရောဂါရဲ့ နောက်ဆက်တွဲအဖြစ်နဲ့ ထိခိုက်ခံစားခဲ့ရတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ရွှေ့ပြောင်းလုပ်သားတွေရဲ့ဒုက္ခကို ကာကွယ်စောင့်ရှောက်မယ့် ကမ္ဘာ့အဖွဲ့အစည်းတွေလည်း ငုတ်တုတ်မေ့နေကြပုံရတာ အခုအထိပါပဲ။

**(ဃ) ပညာရေးကဏ္ဍ**

ကလေးတွေ၊ လူငယ်တွေနဲ့ ပညာရေးထိခိုက်မှုကိုတော့ သက်ဆိုင်ရာပညာရှင်တွေက သုတေသနပြု ဖော်ထုတ်နေကြတာ တွေ့ရပါတယ်။ လိုရင်းကို ရေးရရင်တော့ ပညာရေး

*စာမျက်နှာ ၂၂ သို့*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၈-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | ပေဋ္ဌာသုတ်၊ ရတနာသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၅:၁၀ | ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၅:၃၅ | အခါရီးရာ လေ့လာမည် ပြေဟုန်းကျေးရွာ |
| ၀၈:၃၅ | စစ်မီးငြိမ်းချိန်တန်ပါပြီ | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၁၀ | ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ် | ၁၈:၃၅ | သံစဉ်ချိုမြ မြန်မာတေးအလှ |
| ၀၉:၄၅ | Sports Diary | ၁၉:၀၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'အလိုအပ်ဆုံးသောအရာ' |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၉:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့ လွင့်ပျံ့အမုန်း' (အပိုင်း-၈) |
| ၁၁:၄၅ | အရေးပါသည့် အိုင်အိုဒင်း | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါဏ်ဒါဏ် အချစ်ချိုချို' (အပိုင်း-၃) | ၂၁:၀၀ | သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ |
| ၁၃:၃၀ | MRTV National News | ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၁၈) |
| ၁၆:၃၅ | ခံတွင်းမြိန်စရာ သူ့လက်ရာ 'တစ်ကုန်းဖြို့က ထမင်းချဉ်သုပ်' | | |

**mitv**

07:01 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
07:08 Myanmar's Bamboo Hat
07:22 Smart Village in Hopong: Kyauk Tan
07:32 Asia Updates: Racing against the Coronavirus (Epi-1) (P-2) Concerted Efforts
07:50 Black Gold (Part-1)
08:01 Discovering Tribes: Yin Net Tribe - Their Life and Customs
08:30 History Of Kyaik Wyne Pagoda
08:49 Kayin Child Boxer
09:01 News
09:26 Global Partnership for Brighter Future: Peru Pavilion at Expo2020 Dubai
09:36 Myanmar Puppeteers (Ogre Dance)
09:44 Sarus Crane in Myanmar
09:54 School for the Blind

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရေနတ်ပူဇော်ခြင်း

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
သင်မယ်၊ ရေးမယ်၊ တို့ချင်းစာ (အပိုင်း-၅၅)

**ချင်း (ချို) (၀၈:၀၀ မှ ၀၉:၀၀)**
မဒါးအိမ်နူးသို့ အလည်တစ်ခေါက်

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
နော်ဘူဘောဆုတောင်းတောင်

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၂)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပုံးအင်းဒေသလေ့လှော်ပြိုင်ပွဲ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဂေဟာစနစ်မပျက်ယွင်း ကချင်ပြည်နယ်ကအင်းတော်ကြီး

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၄)

**ဝကေကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ချစ်ရာ ရိုးရာအိမ်ကလေး

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ရောဝတီရဲ့ အရိုင်းဆန်တဲ့အလှ ဂေါ်ရန်ဂျီ (အပိုင်း-၂)

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၁၅ | ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝဖြင့်တင်ရေး |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနဲ့ဒေါသ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၇) |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၇:၁၅ | ကျန်းမာရေးနှင့်ကိုက်ညီစားသုံးကြနေကြာဆီ |
| ၀၇:၄၅ | တောင်သူ့ဘဝသုတကဏ္ဍ |
| ၀၈:၂၀ | ငွေချည်(၉) ရွှေတောင်(၈) တောင်သူများအတွက် စီးပွားဖြစ် |
| ၀၈:၅၀ | မြေပဲဆားလှော်အကြောင်းတစေ့တစောင်း |
| ၀၉:၀၀ | ချစ်သက်သေ (စိုက်ပျိုးရေးဇာတ်လမ်းတို) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၁၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၁၀ | Soccer View/Weekly Sports Info Sports Diary/Weekly MNL Review |
| ၀၇:၄၅ | အားကစားလောကထဲကသူတို့အကြောင်း |
| ၁၄:၅၀ | ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ (အကြိုဗိုလ်လုပွဲ) တိုက်ရိုက်ထုတ်လွှင့်မှု |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ်နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၃) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများ ပရဟိတကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်ဥများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် အောင်ဇေယျ ၁၄/၁၅ ရပ်ကွက်ရှိ ထီလာ ဘုန်းတော်ကြီးကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သား၊ သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥ၊ ရေသန့်နှင့် အခြားစားသောက်ဖွယ်ရာများ လှူဒါန်းခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝါတွင်းကာလ ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်း၊ အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥများကို ဒေသအလိုက် ထောက်ပံ့ကူညီလှူဒါန်းလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား အဓိက ငွေကြေးထောက်ပံ့နေသည့် မြန်မာသူရကျော်မျက်ကုမ္ပဏီပိုင်ရှင် ကျော်သူရ အပါအဝင် တရားခံများအား ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မန္တလေးမြို့၌ စီအိုင်ဒီရဲမှူးဆိုပြီး အရပ်သား ၂ ဦးအား မှားယွင်းသတ်ဖြတ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉-၈-၂၀၂၂

**ရွှေ**

| | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၀၂၇၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၂၀၂၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၇၅၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၇၂၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၃၁၉၀ ကျပ် | ၃၂၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၂၇၀ ကျပ် | ၃၃၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၄၉၀ ကျပ် | ၂၅၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၅၅၅ ကျပ် | ၂၆၀၀ ကျပ် |

**(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)**

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၈၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၀၀ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၇ . ၅၇၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၁၃ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၇ . ၇၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၄၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၂၆၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆၉၀၀ | ၇၁၀၀ | ၈၈၂ | ၆၀၉၇၄၀၀ |
| MTSH | ၂၄၅၀ | ၂၄၅၀ | ၈၀၈၅ | ၁၉၄၅၆၉၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၃၅၀ | ၂၃၅၀ | ၂၀၀ | ၄၇၀၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၄၀၀ | ၄၄၀၀ | ၁ | ၄၄၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်အား ၆၀ မမ စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့သည့် တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အဦများကို မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

## ဖမ်းဆီးရမိ

ရန်ကုန်တိုင်း ဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ သတင်းပေးမှုများကြောင့် ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် အင်းစိန်ဗဟိုအကျဉ်းထောင်အား ၆၀ မမ စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့သည့် Special Operation Force–SOF အမည်ခံ အကြမ်းဖက်အဖွဲ့မှ **ထွန်းထွန်းဟန်(ခ)ဝသုန်**အား KIA အဖွဲ့မှ ထုတ်လုပ်သည့် ၆၀ မမ စိန်ပြောင်း ၁ လက်နှင့်အတူ ဩဂုတ် ၂၃ ရက်တွင် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် မြို့ရှောင်လမ်း ဘိုကလိုလမ်းသွယ်ရှိ STAR FAMILY တည်းခိုခန်း၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ထွန်းထွန်းဟန်(ခ) ဝသုန်**၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာ ကင်းစုရပ်ကွက်၌ **ပြည့်ဖြိုးပိုင်**နှင့် **မျိုးဇော်လင်း**တို့ကိုလည်းကောင်း၊ ယင်းနေ့ညနေပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီလမ်းအနီးရှိ (၅) ဈေး၌ **အောင်ဇော်မြင့် (ခ) စစ်နိုင်**နှင့် **သန့်စင်**တို့ကို လည်းကောင်း၊ ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် မြို့သစ် (ဂ) ရပ်ကွက် သရဖီလမ်း၌ **မျိုးမင်းဇော် (ခ) ပါကျဲ** ကိုလည်းကောင်း ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ဖမ်းဆီးရမိတရားခံ **ထွန်းထွန်းဟန် (ခ) ဝသုန်**၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဖန်ချက်စက်လမ်း၌ နေထိုင်သည့် ဆက်စပ်တရားခံ ထိန်လင်း၏ နေအိမ်ကို သွားရောက်ရှာဖွေခဲ့ရာ ထိန်လင်းမှာ ထွက်ပြေးတိမ်းရှောင်နေပြီး သံသယတရားခံများဖြစ်သည့် **သူဇာသင်း**နှင့် **ဉာဏ်ထက်ဇံ**တို့ကို ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖြစ်စဉ်တွင် တရားခံကျားခုနစ်ဦး၊ မတစ်ဦး၊ စုစုပေါင်း တရားခံရှစ်ဦးတို့ကို ၆၀ မမစိန်ပြောင်း တစ်လက်မနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ထွန်းထွန်းဟန် (ခ) ဝသုန်နှင့် အောင်ဇော်မြင့် (ခ) စစ်နိုင်**တို့သည် KNLA တပ်မဟာ ၆ တွင်လည်းကောင်း၊ **ပြည့်ဖြိုးပိုင်**နှင့် **မျိုးဇော်လင်း**တို့သည် KNLA တပ်မဟာ ၇ တွင်လည်းကောင်း အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ Special Operation Force (SOF) အမည်ခံ အကြမ်းဖက်အဖွဲ့အား ၂၀၂၂ ခုနှစ်၊ မေလတွင် NLD ပါတီမှ သန်လျင်မြို့နယ် လူငယ်တာဝန်ခံ၊ တရားခံပြေး ဝင်းကို (ခ) စံရှားမှ ခေါင်းဆောင်၍ အဖွဲ့ဝင် ၄၉ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ SOF အကြမ်းဖက် အဖွဲ့ဝင်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မင်္ဂလာဒုံမြို့နယ်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် သူရိန် ခေါင်းဆောင်သော YZ၊ Hero၊ Lion တို့အပါအဝင် ၁၀ ဦးဖြင့် လည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် သွေးအေး ခေါင်းဆောင်သော ဇော်ခါး၊ ကျောင်းဆရာ၊ ချိုတေး၊ အောင်အောင်၊ ကရင်လေးတို့အပါအဝင် ၁၀ ဦးဖြင့်လည်းကောင်း၊ ဒလမြို့နယ်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် ကျော်ကြီး (ခ) RC ခေါင်းဆောင်သော ဝေယံ (ခ) အရှည်ကြီး၊ အာနိုး၊ ယက္ခ၊ ဂုမ္ဘာန်၊ အောင်ခန့်၊ ရှမ်းလေး၊ မီးလေးတို့အပါအဝင် ၁၀ ဦးဖြင့် လည်းကောင်း၊ အင်းစိန်မြို့နယ်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် နိုဗာခေါင်းဆောင်သော အောင်ဇေယျာဝင်း၊ လွင်ဖုန်းအောင်၊ ဥက္ကာ၊ မှန်ကြီး၊ ကရင် (ခ) လူပျိုကြီး၊ ဒူဘိုင်း (ခ) မာဝီ၊ အရိုးနှင့် ထွန်းထွန်းဟန် (ခ) ဝသုန်တို့အပါအဝင် ၁၀ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

## ဖော်ထုတ်သိရှိ

SOF အမည်ခံအကြမ်းဖက် အဖွဲ့သည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် ဖောက်ခွဲ ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ပြီး တရားခံပြေး ဝင်းကို (ခ) စံရှား၏ စေခိုင်းချက်အရ **အင်းစိန်ဗဟိုအကျဉ်းထောင်အား ၆၀ မမ စိန်ပြောင်းဖြင့် အောက်ပါအတိုင်း စီစဉ်ပစ်ခတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်**–

- ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၂ ရက်တွင် **ထွန်းထွန်းဟန်(ခ) ဝသုန်၊ ပြည့်ဖြိုးပိုင်၊ မျိုးဇော်လင်း**တို့သည် အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သရက်တောကားမှတ်တိုင်၌ တရားခံပြေး ဝင်းကို (ခ) စံရှားထံမှ ၆၀ မမ စိန်ပြောင်း ၁ လက်၊ ဗုံးသီးသုံးလုံးအား ယူဆောင်၍ အင်းစိန်မြို့နယ်၊ မြို့သစ် (ဂ) ရပ်ကွက်၊ သရဖီလမ်းရှိ **ထွန်းထွန်းဟန် (ခ) ဝသုန်**၏နေအိမ်၌ ဝှက်ထားခဲ့ကြောင်း။
- ဩဂုတ် ၂၁ ရက်တွင် ထွန်းထွန်းဟန် (ခ) ဝသုန်နှင့် အောင်ဇော်မြင့် (ခ) စစ်နိုင်တို့သည် အင်းစိန်ဗဟို အကျဉ်းထောင်အား ၆၀ မမ စိန်ပြောင်းဖြင့် ပစ်ခတ်ရန် Scout ကြည့်ရှုခဲ့ကြောင်း။
- ဩဂုတ် ၂၂ ရက်တွင် ထွန်းထွန်းဟန်(ခ)ဝသုန် ခေါင်းဆောင်၍ မျိုးဇော်လင်း၊ အောင်ဇော်မြင့် (ခ) စစ်နိုင်၊ ပြည့်ဖြိုးပိုင်တို့သည် အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်ရှိ ဘောလုံးကွင်းသို့ သွားရောက်၍ အင်းစိန်ဗဟိုအကျဉ်းထောင်ရှိရာ ဘက်သို့ ၆၀ မမ စိန်ပြောင်းဖြင့် ဗုံးသီးသုံးလုံးအား တပ်ဆင်ပစ်ခတ်ခဲ့ကြောင်း။
- ထိုသို့ ပစ်ခတ်ခဲ့သောကြောင့် တရားခံပြေး ဝင်းကို (ခ) စံရှားမှ တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းအား K Pay မှတစ်ဆင့် လွှဲပြောင်းပေးခဲ့ကြောင်း။
- အထက်ပါ ဖြစ်စဉ်အပြင် SOF အမည်ခံ အကြမ်းဖက်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အောက်ပါအတိုင်း ဖောက်ခွဲတိုက်ခိုက်မှု နှစ်ကြိမ်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်–
- ၂၀၂၂ ခုနှစ်၊ မေ ၁၀ ရက်တွင် ကမာရွတ်မြို့နယ်၊ အင်းလျား လမ်းပေါ်ရှိ ဇော်ဂျီလမ်း လုံခြုံရေးဂိတ်အား လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၉ ရက်တွင် လှိုင်မြို့နယ်၊ ဘူတာရုံအနီးရှိ ရထားလမ်းလွှဲ ပြုလုပ်သော Control Box အား လက်လုပ်မိုင်း နှစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း။

*စာမျက်နှာ ၂၁ သို့*

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်အား ၆၀ မမ စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့သည့် တရားခံများဖမ်းဆီးရမိမှု အခြေပြဇယား**






တရားခံများနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် ၆၀ မမ စိန်ပြောင်း။





၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် လှိုင်မြို့နယ် ဘူတာရုံအနီးရှိ ရထားလမ်းလွှဲပြုလုပ်သော Control Box အား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ကောလင်းမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက် လူသတ်၊ လုယက် စသည့်အကြမ်းဖက်လုပ်ရပ်များပြုလုပ်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ စခန်းတစ်ခုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းပိုက်ရရှိ

**နေပြည်တော် ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ညောင်ပင်လှကျေးရွာအနီးရှိ PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် စခန်းတစ်ခုကို ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းပိုက်ရရှိခဲ့သည်။




စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ညောင်ပင်လှကျေးရွာအနီး သရက်တောအတွင်းရှိ PDF အမည်ခံ အကြမ်းဖက်သမားများ၏ စခန်းနေရာပြ Google မြေပုံ။



PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် စခန်းအတွင်းရှိ လူနေတဲ။



စခန်းအတွင်းရှိ အချုပ်ခန်း။



စခန်းအတွင်းရှိ တန်းစီကွင်း။

## စိန်ပြောင်း၊ သေနတ်နှင့်မိုင်းများ သိမ်းဆည်းရမိ

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက် သမားများသည် ကောလင်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် ညောင်ပင်လှကျေးရွာအနီး သရက်တောအတွင်း ခိုအောင်း နေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူတို့၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် ဝင်ရောက်ချေမှုန်းခဲ့ရာ အဆိုပါကျေးရွာအနီးရှိ သရက်တောအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် စခန်းတစ်ခုကိုတွေ့ရှိခဲ့ပြီး အကြမ်းဖက်သမားများ ကစဉ့်ကလျားဖြင့် ထွက်ပြေးသွားခဲ့သည်။ ယင်းနောက် စခန်းအတွင်း အသေးစိတ်ရှာဖွေခဲ့ရာ အလျား ပေ ၂၀၊ အနံပေ ၃၀ သွပ်မိုးထရံကာ တဲတစ်လုံးအပါအဝင် လူနေတဲ ရှစ်လုံး၊ တန်းစီကွင်းတစ်ကွင်း၊ အချုပ်ခန်းတစ်ခန်း၊ တစ်ယောက်ပစ်ကျင်း ၁၀ ကျင်း၊ လက်လုပ်သေနတ် ၁၁ လက်၊ လက်လုပ်စိန်ပြောင်း တစ်လက်၊ လက်လုပ်လက်ပစ်ဗုံးကိုးလုံး၊ ဗုံးသီးမျိုးစုံ ၁၆ လုံး၊ မိုင်းမျိုးစုံကိုးလုံး၊ ဖြူးစ် ၃၈ ချောင်းနှင့် ရီမုတစ်ခု၊ ကျည်မျိုးစုံ ၇၅ တောင့်၊ ကျည်အိမ်နှစ်ခု၊ အထိုင်စကားပြောစက်နှစ်လုံး၊ လမ်းလျှောက်စကားပြောစက်တစ်လုံး၊ မော်တော်ဆိုင်ကယ်သုံးစီး၊ ယမ်းနှင့်ဆက်စပ်ပစ္စည်းများ၊ KLPDF လက်မောင်းတံဆိပ်ပါ ယူနီဖောင်းတစ်စုံ၊ KIA လက်မောင်းတံဆိပ်ပါ ယူနီဖောင်းတစ်စုံ၊ NLD အလံတစ်ထည်အပါအဝင် အသုံးအဆောင်ပစ္စည်းများနှင့် ဆေးပစ္စည်းမျိုးစုံများကို သိမ်းဆည်းရမိခဲ့သည်။





သိမ်းဆည်းရမိသည့် လက်လုပ်စိန်ပြောင်း၊ မိုင်းမျိုးစုံ၊ ကျည်မျိုးစုံနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

## အေးချမ်းတည်ငြိမ်ရေး ကြိုးပမ်းဆောင်ရွက်

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ ကျေးရွာပြည်သူလူထုကို အကာအကွယ်ရယူ ခိုအောင်းနေထိုင်ကာ အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၀ မှ*

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်း ကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှား သွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူ တစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင် ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။ **သတင်းစဉ်**



၂၀၂၂ ခုနှစ် ဧပြီ ၁၀ ရက်တွင် ကမာရွတ်မြို့နယ် အင်းလျားလမ်းပေါ်ရှိ ဇော်ဂျီလမ်း လုံခြုံရေးဂိတ်အား ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ရတနာ
သစ်တော၊
ပြည့်သွေးကြော။
သစ်တောရတနာ၊
ထိန်းသိမ်းပါ။

# မန္တလေးတိုင်းဒေသကြီးအဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး (သုံး) ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် ဦးမောင်ကို၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ တိုင်းဒေသကြီးအတွင်း ခရိုင်အဆင့်ပြိုင်ပွဲများကျင်းပပြီးဖြစ်၍ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲကို ဆက်လက်ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီအလိုက် လစ်ဟာမှုမရှိစေရန် ပေါင်းစပ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အများဖြင့်ဆောင်ရွက်ရခြင်းဖြစ်ပြီး ပညာရှင်၊ လုပ်ဆောင်သူ၊ ပံ့ပိုးသူ ဟန်ချက်ညီစွာဖြင့် အတ္တရှေ့တန်းမတင်ဘဲ ဆောင်ရွက်ပါက အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း တိုင်းကိုယ်စားပြု အောင်ပွဲရသူများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိကြောင်း၊ မှန်ကန်သော ယှဉ်ပြိုင်မှုဖြင့် အောင်နိုင်မှုမျိုးရရှိအောင် အသိပညာရှင်၊ အတတ်ပညာရှင်များက ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မန္တလေးတိုင်း ဒေသကြီး အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၂၊ ၁၃၊ ၁၄ ရက်များတွင် အမျိုးသားကဇာတ်ရုံ၌ နေ့စဉ်နံနက် ၉ နာရီမှ စတင်ကျင်းပမည်ဖြစ်ရာ မည်သူမဆို ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် ပြိုင်ပွဲတွင် ရွေးချယ်ခံရသူများမှာ အောက်တိုဘာလတွင် နေပြည်တော်၌ ကျင်းပမည့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ဗဟိုအဆင့်)သို့ ဝင်ရောက် ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုဏ္ဏားကျွန်းမြို့၌ သစ်ပင် ၁၀၀၀ ကျော်စိုက်ပျိုး

**ပုဏ္ဏားကျွန်း ဩဂုတ် ၂၉**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၌ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး ဩဂုတ် ၂၈ ရက်က သမိုင်းဝင် ဦးရာဇ်တော် ဘုရားတောင်ခြေရင်းပတ်ဝန်းကျင်နှင့် နတ်ဆိပ်ကျေးရွာ လမ်းတစ်လျှောက်၌ ပျိုးပင်ပေါင်း ၁၀၀၀ ကျော် စိုက်ပျိုးကြသည်။

ထိုသို့စိုက်ပျိုးရာတွင် ဦးရာဇ်မြေလူမှုရေးအသင်း (ရန်ကုန်)မှ ဦးဆောင်ပြီး မြို့ပေါ်လူမှုရေးအသင်းအဖွဲ့ ၁၀ ဖွဲ့မှ လူငယ်များနှင့် နတ်ဆိပ်၊ မင်းဂံ၊ တန်းစွယ်နှင့် ရေဖြူကန် ကျေးရွာတို့မှ လူငယ် ၃၀၀ ကျော်တို့က မန်ဂျန်ရှား၊ ကျွန်းဖြူနှင့် ယူကလစ်ပျိုးပင်ငယ် ၁၀၀၀ ကျော်ကို စနစ်တကျ စိုက်ပျိုးပေးကြသည်။

အဆိုပါ ပျိုးပင်ငယ်အချို့နှင့် စိုက်ပျိုးစရိတ်ကို အမေရိကန်နိုင်ငံရောက် ပုဏ္ဏားကျွန်း မြို့သားတစ်ဦးနှင့် ဦးရာဇ်မြေလူမှုရေးအသင်း(ရန်ကုန်)မှ လှူဒါန်းပေးထားပြီး ဂူဝဘုရား ပတ်ဝန်းကျင်နှင့် မြို့ရေိယာအတွင်း သစ်ပင်ပေါင်း ၅၀၀၀ စိုက်ပျိုးပေး ရန် စီစဉ်ထားကြောင်း သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**




## မြို့မတူရိယာအသင်းကြီးမှ ဂီတအနုပညာရှင် မြို့မကိုပေါ ကွယ်လွန်

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးမြို့ရှိ မြို့မတူရိယာအသင်းကြီးမှ ဂီတမှူးတစ်ဦးဖြစ်သူ အသက် ၉၅ နှစ်အရွယ်ရှိ ဂီတအနုပညာလောက၏ပါရမီရှင် မြို့မကိုပေါသည် အောင်မြေသာစံမြို့နယ် ပုလင်းဝင်းရပ်နေအိမ်၌ စန္ဒရားတီးအပြီး လဲကျ၍ ပေါင်ကျိုးခဲ့သဖြင့် အိပ်ရာထဲတွင် လဲလျောင်းနေခဲ့ရပြီး ဩဂုတ် ၂၈ ရက် ည ၁၂ နာရီခန့်တွင် ၉၆ ပါး ရောဂါဖြင့် ကွယ်လွန်ခဲ့ကြောင်း သိရသည်။



မြို့မကိုပေါ၏ အမည်ရင်းမှာ ဦးကျော်စိုးဖြစ်၍ မန္တလေးမြို့ ဒါးတန်းရပ်ကွက်တွင် အဖ ဦးပေါ်၊ အမိဒေါ်လှတို့က ၁၉၂၇ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အသက် ၂၄ နှစ်အရွယ်တွင် မြို့မတူရိယာအသင်းကြီးသို့ ဆိုက်ဆိုဖုန်း တူရိယာတီးမှုတ်သူအဖြစ် ဂီတလောကသို့ ရောက်ရှိခဲ့သည်။

“ မြို့မအသင်းကြီးအတွက်သာမက မန္တလေးမြို့အတွက် မန္တလေးသားစစ်စစ် အနုပညာသမားတစ်ယောက် ဆုံးရှုံးသွားတာပါ။ ဆရာကြီးရဲ့ တေးသီချင်းတွေက အနှစ်သာရရှိတော့ ဘယ်တော့မှ ရိုးအီသွားမှာမဟုတ်ဘူး။ သကြၤန်ဆိုရင် မြို့မအသင်းကြီးနဲ့ မြို့မသီချင်းတွေက မပါမဖြစ်ပဲ”ဟု မန္တလေးမြို့ခံတစ်ဦးက ပြောသည်။

ဆရာကြီးသည် ၁၉၄၉ ခုနှစ်မှစ၍ သီချင်းများ ရေးစပ်ခဲ့ရာ ၁၉၆၁ ခုနှစ်တွင် “ကိုယ်ပိုင်မေတ္တာ” ရုပ်ရှင်ဇာတ်ကားဖြင့် ဓာတ်ပုံဆုကို ဦးလူကလေးနှင့် ပူးတွဲရရှိခဲ့ကြောင်း၊ သကြၤန်မိုးရုပ်ရှင်ဇာတ်ကား(၁၉၈၅)မှ “နှစ်ကိုယ်တူချစ်သမျှ” သီချင်း၊ ဒဏ္ဍာရီရုပ်ရှင်ဇာတ်ကား(၁၉၉၁)မှ “အောင်စေမင်္ဂလာ” သီချင်းတို့မှာ အထူးထင်ရှားကျော်ကြားခဲ့ပြီး ပိတောက်သစ္စာ၊ ချစ်အာရုံ၊ နှုတ်ခွန်းဆက်သကြၤန်၊ ပန်းမျိုးတစ်ရာ စသည့်သကြၤန်သီချင်းများလည်း ရေးသားခဲ့သည်။

မြို့မကိုပေါသည် မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းသင်ကြားခဲ့ပြီး မြို့မတူရိယာအသင်းကြီးအကြောင်းနှင့် တွေ့ကြုံခဲ့သည့် ဘဝမှတ်တိုင်များကို ဖော်ကြူးသည့် “အတိတ်လမ်းသို့ အလွမ်းပြေ” စာအုပ်ကို ၂၀၁၇ ခုနှစ်က ရေးသား ထုတ်ဝေခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

*စာမျက်နှာ ၁၈ မှ*

ခေတ်တစ်ခေတ် ထိခိုက် နောက်ကျသွားဖို့ ရှိပါတယ်။ ကပ်ရောဂါကြောင့် ကျောင်းတွေပိတ်လိုက်ရတာတော့ အများအသိပါပဲ။ ကျောင်းတွေ ပြန်ဖွင့်ဖို့ကိစ္စမှာလည်း အခက်အခဲတွေအများကြီး ပေါ်ပေါက်ခဲ့တယ်။ လူနဲ့လူအချင်းချင်းဖြစ်ပေါ်ခဲ့တဲ့ ထိပ်တိုက်ရင်ဆိုင်မှုတွေ၊ ခေတ်နောက်ပြန်ဆွဲသွားပြီး သိပ္ပံပညာကို ကန့်ကွက်တဲ့ (Anti-science) အတွေးအခေါ်တွေ ရှေ့တန်းတင်လာတဲ့အုပ်စုကြီးတွေ၊ အသိပညာတစ်ခုခုရလာတာကိုအားကိုးနေရတဲ့ မီဒီယာကြီးငယ်တွေထဲက သတင်းတုသတင်းမှားတွေ၊ လူတွေနဲ့ ပညာရေးကိုအလွဲသုံးစားလုပ်ပြီး ကြီးပွားသွားကြတဲ့သူတွေ များစွာရှိခဲ့တယ်။ အဲဒီအထဲမှာ ပညာရှင်တွေရဲ့ ကပ်ရောဂါအပေါ် သိနားလည်မှု အကန့်အသတ်ရှိပြီး အမြော်အမြင်မရှိတဲ့အတွက် ကလေးတွေကို ကာကွယ်ဆေးနဲ့ ကာကွယ်ခွင့် နှောင့်နှေးကာ ကိုဗစ်-၁၉ ကြောင့် ကလေးတွေမှာ ဦးနှောက်ထိခိုက်ပြီး နောက်ပိုင်း ပညာရေးခက်ခဲမှုပြဿနာတွေ ပေါ်ပေါက်လာခဲ့တယ်။ ကျန်းမာရေးကြောင့်မကဘဲ နိုင်ငံရေး၊ စီးပွားရေးတွေကြောင့် ပညာရေးမှာ အကြီးအကျယ် ထိခိုက်ခဲ့ရပါတယ်။

**( င ) လူမှုရေးကဏ္ဍ**

ရေထဲမိုးထဲ ကပ်ရောဂါကြီးထဲမှာ ကမ္ဘာ့လူ့အဖွဲ့အစည်းကြီးဟာ ဘယ်လိုအဖွဲ့အစည်းဆိုတာ ဘွားခနဲ ပေါ်လာတယ်။ “တစ်ကိုယ်ကောင်းဆန်တဲ့ လူ့အဖွဲ့အစည်း” အဖြစ် ထင်ထင်ပေါ်လာပါတယ်။ စောင့်ရှောက်ရမယ့် လောကပါလတရားတွေကို ဘေးချိတ်ပြီး “တစ်ယောက်အခက်၊ တစ်ယောက်အချက်”အဖြစ်နဲ့ အခွင့်ကောင်းတွေစောင့်ပြီး ရယူအသုံးချ ကြီးပွားသွားကြတာကို တွေ့နေရပါတယ်။ ရောဂါကို မတိုက်ခိုက်ဘဲ လူလူချင်း တိုက်ခိုက်ကြတာထက် ပိုဆိုးတာက ရောဂါကာကွယ်ရေး လုပ်ပေးနေတဲ့လူတွေကို ဦးတည်ရန်ပြုလာတာကို တွေ့ရတာ ဝမ်းနည်းစရာပါပဲ။

ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအခြေအနေနဲ့ ကမ္ဘာပေါ်မှာ ထင်ရှားလာခဲ့တဲ့ ဆရာဝန်ကြီး ဒေါက်တာဖိုချီ(Dr.Fauci)ကို ဘယ်လိုဒုက္ခပေးသလဲဆိုတဲ့ သာဓကလေးကိုပဲ ဖော်ပြပါရစေ။ သူက အမေရိကန်သမ္မတအဆက်ဆက်နဲ့ နီးစပ်ပြီး အကြံပေးနေတဲ့ပုဂ္ဂိုလ်ပါပဲ။ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး မှန်ကန်တဲ့ သုံးသပ်ချက်တွေ၊ သတင်းမှန်တွေ ပေးခဲ့ပေမယ့် သူ့ရဲ့အနီးကပ်ပုဂ္ဂိုလ်ကြီးကလည်း နားမလည်၊ မယုံကြည်၊ ဆန့်ကျင်ဘက်တွေပြော၊ လူထုတွေထဲကလည်း နှာခေါင်းစည်းမတပ်ရေး၊ ကာကွယ်ဆေးမထိုးရေး၊ အိမ်ထဲမှာ မနေရေး ဆန့်ကျင်ပွဲတွေ ခြိမ့်ခြိမ့်သဲကျင်းပခဲ့ကြတယ်။ အဲဒီအထဲက လူတစ်ယောက်ကိုတော့ တရားစွဲပြီး ထောင်ဒဏ် ၃၇ လ ချမှတ်လိုက်ပါတယ်။

“ဒေါက်တာဖိုချီကို လမ်းမပေါ်ဆွဲချ၊ သေအောင်ရိုက်သတ်ပြီးတော့ မီးရှို့ပစ်မယ်” လို့ ခြိမ်းခြောက်ခဲ့သူကို အရေးယူခဲ့တယ်။ အဲဒီကိစ္စမှာ တရားဥပဒေဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးရဲ့မှတ်ချက်က စိတ်ဝင်စားစရာကောင်းပါတယ်။

“Everyone has the right to disagree but you do not have the right to threaten a Federal Officers’ Life”

“လူတိုင်းဟာ သဘောမတူပိုင်ခွင့် ရှိပါတယ်။ ဒါပေမယ့်ပြည်ထောင်စုအစိုးရအရာရှိတစ်ယောက်ကို အသက်အန္တရာယ်ပေးဖို့ ခြိမ်းခြောက်ပိုင်ခွင့်မရှိဘူး” လို့ တိတိလင်းလင်းပြောကြားပြီး တရားခံကိုထောင် ၃၇ လ ချရုံမကဘူး၊ သူပြန်ထွက်လာရင်လည်း နောက်ထပ် သုံးနှစ် ခြေချုပ်နဲ့ စောင့်ကြည့်နေမယ်လို့ ဆိုပါတယ်။

သမားအိုအနေနဲ့ အသက် (၁၀၀) မနေရပေမယ့် အမှုပေါင်း ရာထောင်ကျူးလွန်နေကြတာ၊ လူလူချင်း လုပ်နေကြတဲ့ပြဿနာပေါင်း သောင်းခြောက်ထောင်မကဘဲ ကမ္ဘာ့လူဦးရေနဲ့အမျှ ကြုံလာရမယ့်ပြဿနာတွေ မြင်နေရပါတယ်။ ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၀ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဦးခင်မောင်ကြည်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောဝ၊ မုဒိတာအိမ်ရာ(၂)၊ အမှတ်(၂-အေ၊ ၃၁၅)နေ (ဦးမောင်မောင်ကြီး-ဒေါ်စိန်ကြည်)တို့၏သား၊ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ ဦးထွန်းလွင်-ဒေါ်အေးသီတာဝင်း၊(ဦးဇော်မင်းထွန်း)-ဒေါ်မြသိန်းငွေ၊ ဦးသက်ဦးအောင်-ဒေါ်ခင်သူဇာယမင်းထွေး၊ ဦးတူးရှန်-ဒေါ်သီတာအေးမြကြည်(Legal Coordinator-Grand Royal Group International Co.,Ltd.)၊ ဦးဟိန်းမင်းထွန်း-ဒေါ်သန်းမြတ်မွန်တို့၏ဖခင်၊ မဆုပြည့်စုံအေး၊ ကိုရဲလင်းဦး၊ ကိုမြတ်မင်းခန့်၊ မနှင်းရွှေရည်ထက်၊ မဖြူစင်ရှင်းသန့်၊ မောင်အောင်ချမ်းပြည့်၊ မအိမ့်ချယ်ရီဖူးတို့၏ အဘိုး၊ မောင်ကောင်းစစ်သွေး၏ အဘိုးသည် ၂၅-၈-၂၀၂၂ရက် ည ၉:၃၇နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၂ရက် တွင် မြေချသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်၌ ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းအစရှိသည့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း ရေစက်သွန်းချ အမျှဝေမည်ဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်တင်တင်လှ
### အထက်တန်းပြ(ငြိမ်း)၊ အထက(၅)မရမ်းကုန်း
### အသက်(၇၀) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးဘိုးကြွယ်-ဒေါ်သန်းတင်)တို့၏သမီး၊ (ဦးသောင်းညွန့်-ဒေါ်အုံးမြ)တို့၏သမီးချွေးမ၊ ဦးကံထွန်း၏ချစ်လှစွာသော ဇနီး၊ ဦးညီညီချန်-ဒေါ်အိကေသီခိုင်၊ ဦးသူရထွန်း-ဒေါ်စောလဲ့မွန်၊ ဦးမင်းထွန်းထွန်းလင်း-ဒေါ်စုစုသော်၊ ဦးအောင်သူရိန်မင်း-ဒေါ်ချိုကြည်ကြည်လှိုင်တို့၏မိခင်၊ လင်းခန့်ထွန်း၊ စွမ်းထက်ထွန်း၊ ခင်ကြယ်စင်ရွှန်းလဲ့၊ ဝင်းဝါယုယထွေး၊ ဘုန်းခန့်အောင်၊ ညီထွဋ်အောင်တို့၏ဘွားဘွားသည် ၂၈-၈-၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၈:၄၂နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိ ပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၀)၊ ဆုထူးပန် (၁) လမ်း၊ အမှတ် (၁၄၉/ခ)၊ ဒေါ်ခင်အေးသန်း အမည်ပေါက် ပါမစ်(မူရင်း)ဖြင့် ပေ(၂၀ × ၆၀) ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးတင့် (၁၂/မဂတ(နိုင်)၀၉၀၂၂၄) ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဝေဝေသင်း (၁၂/ဒဂတ(နိုင်)၁၁၀၂၉၉) သည် အပြီးအပြတ်ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်မေမေခင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၀၂၃)**
**အမှတ် (၇၃၈)၊ မင်းရဲကောင်းပုံလမ်း၊ (၇၀) ရပ်ကွက်၊**
**ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်။ ဖုန်း ၀၉-၇၉၉၅၄၁၆၅၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏာဒီပရပ်ကွက်မှ မြေရေိယာ(၀ဒသမ၀ ၅၅)ကေရှိ ဦးအောင်ဇော်လတ် ၉/ပမန(နိုင်)၁၄၄၇၆၆(ဘ)ဦးအောင်ဝင်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၂၆၇၃)ကို ပျဉ်းမနားမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၁/၂၀၁၁)(၃၀-၃-၂၀၁၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမျိုးမင်းဦး ၉/ခမစ(နိုင်) ၀၀၇၂၀၇(ဘ)ဦးသိန်းဦးမှ ဒေါ်အိခိုင်မွန် ၉/ပဗသ(နိုင်) ၀၁၂၇၆၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေရေိယာ ၀ဒသမ ၁၄၆ ကေရှိ ဦးညီညီဆွေ ၁၂/ဒဂန(နိုင်)၀၁၀၃၁၆ (ဘ)ဦးအုန်းဆွေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက် အမှတ် (ပ-၁၆၆၄)ကို နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၁၅၉၉/၂၀၂၂(၂၇-၄-၂၀၂၂)ဖြင့် မြေကွက် အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်သူဇာမြင့် ၉/တကတ(နိုင်)၀၀၃၀၄၇ (ဘ)ဦးခင်မောင်မြင့်မှ ဒေါ်စုသက်ပိုင် ၁၄/ပသန(နိုင်)၁၈၃၆၉၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်ဒေါ်ကြည်
### အသက်(၁၀၂)နှစ်

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြို့တွင်းလမ်းနေ (သံဖြူဦးစိန်-ဒေါ်ငယ်)တို့၏သမီးကြီး၊ (ဦးရာခွေး သံဖြူ အပျော်တမ်းမီးသတ်)၏ညီမ၊ အမှတ် (၆)ရပ်ကွက်နေ (ဦးသာကြွယ်-ဒေါ်ရီ)၊ အမှတ်(၇)ရပ်ကွက်၊ ၄လမ်း၊ ခဲလယ်ရပ်၊ ပြင်ဦးလွင်မြို့နေ သံဂဟေလုပ်ငန်း (ဦးကြည်-ဒေါ်သန်းသန်း)၊ လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဒေါ်ဒေါ်ထွေး (အပျိုကြီး)၊ အမှတ်(၅)ရပ်ကွက်၊ ဈေးမြောက်ဘက်၊ လမ်းမတော်နေ ဦးကိုလေး(ကုန်သွယ်လယ်ယာ-ငြိမ်း)-ဒေါ်အမာ(ဘော်ငွေရောင်) တို့၏ အစ်မကြီး ဒေါ်ဒေါ်ကြည်(အပျိုကြီး)သည် ၁၉-၈-၂၀၂၂ရက် (စနေနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် လယ်ဝေး မြို့၊ စမ်းကလေးသုသာန်၌မီးသင်္ဂြိုဟ်ခဲ့ပြီး ၂၅-၈-၂၀၂၂ရက်တွင် ဆွမ်းကျွေးအမျှအတမ်းပေးဝေပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမိုးမြင့်
### ကျန်းမာရေးမှူး(ငြိမ်း)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ စကြာလမ်း၊ အမှတ်(၁၇)၊ ပထမထပ်(ဘီ)နေ (တိုင်းပညာဝန်-ငြိမ်း) (ဦးလှမောင်-ဒေါ်ကြီးမြိုင်)တို့၏သားကြီး၊ (ဒေါ်မိမိကြီး(ခ)ဒေါ်မေရီသန်း)၏ခင်ပွန်း၊ ဦးဝင်းဇော်မြင့်(YCDC-ဗဟန်းမြို့နယ်)-ဒေါ်စန်းသီတာမိုး(ရန်ကုန်မြို့တော်ဘဏ်လီမိတက်)၊ ဦးကျော်သူမြင့်-ဒေါ်ခင်သူဇာမိုးတို့၏မွေးသဖခင်၊ မောင်ဟိန်းထက်ဇော်-မငြိမ်းငြိမ်းထက်ဝေ(The Delicious Food Myanmar)၊ မောင်သော်ဇင်ကိုတို့၏အဘိုး ဦးမိုးမြင့်သည် ၂၇-၈-၂၀၂၂ရက် (စနေနေ့) ည ၁၀:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၂၂ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိုးလွင်(ငြိမ်း)
### လက်ထောက်ညွှန်မှူး၊
### ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
### အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မြရတနာလမ်း၊ မြကန်သာအိမ်ရာ၊ အပိုင်း(၂)၊ တိုက်(၅)၊ အခန်း(၁၀၁)နေ(ဦးရွှေမင်း-ဒေါ်သန်းကြွယ်)တို့၏သားသည် ၂၉-၈-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၂:၁၅နာရီတွင် (၉၆)ပါးသောရောဂါ ဖြင့်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၂၂ရက်(တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ
### "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌ(ငြိမ်း)
### အသက်(၇၄)နှစ်

လားရှိုးမြို့နေ (ဒေါ်နန်းခမ်းပန်(ခ)ဒေါ်မာဂရက်)၏ခင်ပွန်း ဦးခွန်ထွန်းလူ(ခ)ဦးဒီကီသည် ၂၉-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျော်သူဇော်-မြင့်မြင့်ကြည်**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### တောင်ငူခရိုင်တရားရုံးတော်၌
### ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၁

| | | |
|---|---|---|
| ဦးခင်မောင်ထွန်း | နှင့် | ဦးမင်းနိုင် |
| **တရားလို** | | **တရားပြိုင်** |

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဖြူးအရှေ့ကျေးရွာအုပ်စု၊ ဘန်းလောင်(၄၆)လမ်းနေ တရားပြိုင် ဦးမင်းနိုင်(ယခုနေရပ်လိပ်စာမသိ) အားသိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်မောင်ထွန်းက စာချုပ်ပါ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးခြင်းမရှိ၍ လက်ခံရယူထားသည့် ရောင်းကြေး စရန်ငွေ သိန်း(၁၅၀)(သိန်းတစ်ရာ့ငါးဆယ်ကျပ်)၏ နှစ်ဆ သိန်း(၃၀၀)(သိန်းသုံးရာကျပ်) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် စက်တင်ဘာလ ၃၀ရက် (၁၃၈၄ခုနှစ် သီတင်းကျွတ်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း၊ စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိ သည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းမာလာခင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**တောင်ငူခရိုင်တရားရုံး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးခင်သန်း(ခ)လှျိုဆုံးဖ
### စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာအပိုင်း (၃)၊ မြနှင်းဆီလမ်း၊ အမှတ်(၁၁၀/B3)နေ (ဦးမောင်ဆိုင်-ဒေါ်ကြွေ)တို့၏သား၊ (ဦးထွန်းရှိန်-ဒေါ်ပုစိန်)တို့၏သားသမက်၊ ဒေါ်တင်တင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံသီရိပရိယတ္တိစာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တဝဇိရညာဏ၏ ရဟန်းဒါယကာ၊ ဦးရင်ချို၊ ဒေါ်ယဉ်သန်း၊ ဦးအောင်ရင်မိုး-ဒေါ်ဥမ္မာချို၊ ဒေါ်မေသန်းစော၊ ဒေါ်တင်မာသန်း၊ ဦးအောင်ရင်ထွေးတို့၏ ဖခင်၊ မတင်မိုးအေး၊ မသက်နှင်းဖြူစင်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၉-၈-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၃:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) တွင် ရေဝေး သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်အုန်းကြည်
### အလယ်တန်းပြဆရာမ(ငြိမ်း)
### အသက်(၈၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ တလိုင်းရပ်ရွာသစ်ကျေးရွာနေ (ဦးထွန်းလူ-ဒေါ်မှိန်)တို့၏သမီး၊ သာပေါင်းရွာနေ (ဦးဘချစ်-ဒေါ်ရွှေမ)တို့၏ချွေးမ၊ ရန်ကုန်မြို့နေ ဦးတင်မောင်ငွေ-ဒေါ်ခင်နီလာအောင်၊ အောင်ပန်းမြို့နေဦးတင်မောင်အေး-ဒေါ်မိုးမိုးသင်း၊ မန္တလေးမြို့နေ(ဦးမင်းသူ)-ဒေါ်အေး၊တလိုင်းရပ်ရွာသစ်ရွာနေ ဦးတင့်လွင်၊ ဦးနိုင်ထွန်း-မကျော့ကျော့ဝေ၊ ရန်ကုန်မြို့နေ (ဦးအောင်ကိုကို)-ဒေါ်ထွေးထွေးတို့၏မိခင်ကြီး၊ မြေး၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွား၊ (ဦးကျွန်းကျော်)၏ဇနီးသည် ၂၈-၈-၂၀၂၂ရက် (တနင်္ဂနွေနေ့)နံနက် ၃:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့်ကျေးရွာသုသာန်၌ ညနေ ၄:၁၅နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၃၀-၈-၂၀၂၂ရက်(အင်္ဂါနေ့) နံနက် ၆နာရီမှ ၁၁ နာရီအထိ တောင်သာမြို့နယ်၊ တလိုင်းရပ်ရွာသစ်ကျေးရွာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးချစ်ထွန်း(ဆကာကြီး)
### အသက်(၈၆)နှစ်

ရောဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ သိမ်ကုန်းကျေးရွာနေ (ဦးဘတင်-ဒေါ်သန်း)တို့၏သား၊ ဓနုဖြူမြို့နယ်၊ ဆကာကြီးကျေးရွာနေ (ဦးသောင်းစိန်-ဒေါ်သိန်း)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်သန်း၏ခင်ပွန်း၊ ပါမောက္ခ Dr.ချစ်ကြည်-ပါမောက္ခ Dr.ခိုင်စန္ဒာ၊ ဦးဆန်းထွန်း-ဒေါ်ဝါဝါချိုတို့၏ဖခင်၊ မောင်လူမွန်၊ မအိမ့်သက်မှူးတို့၏အဘိုး ဦးချစ်ထွန်း(ဆကာကြီး) အသက်(၈၆)နှစ်သည် ၂၉-၈-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် နေပြည်တော်၊ ပဒုမ္မာ(၃)လမ်း၊ အိမ်အမှတ်(၂၃၈၅)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၂၂ရက် နံနက် ၁၀:၃၀နာရီတွင် နေပြည်တော်ကွေ့ကြီး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဦးအောင်မြတ်လမ်း၊ အမှတ်(ဒ-၂+၃)နေ ဦးဇော်စိုးညွန့်(ဘ)ဦးစိုးညွန့် ၇/ပခန(နိုင်)၂၁၅၆၅၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ -

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ပဒေသရာဇာလမ်းသွယ်(၂)၊ အကွက်အမှတ် (၂၅)၊ ဗိုလ်ချုပ်ရေနံ စက်ကွက်၊ ဦးပိုင်အမှတ် (၂၂/က)၊ ဧရိယာ ၀ဒသမ ၀၅၂ ဧက အကျယ်ရှိ မြေမှာ ဦးဘတင်အမည်ဖြင့် ချထားပေးသည့် လ-န/၃၉ ရရှိပြီး မြေဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်ခဲ့ပြီး လက်ရှိထားပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်တင်တင်အေး(ဘ)ဦးခင်မောင်အေး ၁၂/သလန(နိုင်)၀၅၈၅၀၃ ထံမှ ကျွန်မတို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်း အထောက်အထား မူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မတို့ထံကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအိမ်နှင့်မြေ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး(LL.B)** | **ဒေါ်ခိုင်သူဇာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၄၉/၂၀၁၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၃၄/၂၀၁၄)** |
| **ဖုန်း-၀၉-၄၂၀၅၃၁၁၀** | **ဖုန်း-၀၉-၄၂၀၅၃၁၀၁** |

**(ရုံးခန်း)ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးရှေ့၊အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊**
**သန်လျင်မြို့နယ်**

### အမည်ပြောင်း

မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ မင်းလွင်ကျေးရွာ၊ ဝင်္ဂဘာ ကျေးရွာနေ ဦးစောရွှေ၏သား ဦးအောင်ဝင်းမြတ် ၈/ငဖန(နိုင်)၀၃၈၁၇၅ အား ဦးဘိုချုပ် ဟု ပြောင်းလဲခေါ်ပါရန်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/1168, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ထက် ၇/ပခန(နိုင်)၂၆၃၅၃က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

**တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသတွင်းဝမ်းစာ ဖူလုံရေးသည် အရေးကြီး၊ စပါးစိုက်ပျိုးမှုများကို ဦးစားပေး ဆောင်ရွက်၍ တစ်ကေချင်း အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန်လို၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ်ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပထမဦးစားပေးအနေဖြင့် ယခုနှစ် နွေစပါးစိုက်ပျိုးမှုနှင့် ပဲတီစိမ်းစိုက်ပျိုးမှုများအတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးစိုက်ထုတ်ဆောင်ရွက်၍ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် လိုအပ်သည့်မြေဩဇာ၊ မျိုးနှင့် စက်မောင်းဆီများရရှိရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်၊ စပါးနှင့်ပဲများ ထွက်ရှိမှုအပေါ်မူတည်၍ အကျိုးအမြတ်များထဲမှ တောင်သူများ အနေဖြင့် သင့်တော်သည့် အကျိုးခံစားခွင့်ရရှိမည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၉ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးဒုတိယနေ့၌ လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ



နေပြည်တော် ဩဂုတ် ၂၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်သည့် International Army Games–2022 ပြိုင်ပွဲ ပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရှီရီမီကျဲဗာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦးနှင့် ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မိုးကျော်နှင့် ဇနီးနှင့် တာဝန်ရှိသူများက လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များဖြစ်ကြသည့် *စာမျက်နှာ ၄ ကော်လံ ၁*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## မြန်မာအသင်း ယှဉ်ပြိုင်မည့် AFF Cup 2022 ပြိုင်ပွဲ အုပ်စုမဲခွဲပွဲ ယနေ့ ပြုလုပ်မည်

ရန်ကုန် ဩဂုတ် ၂၉

မြန်မာ့လက်ရွေးစင် အသင်းဝင်ရောက်ယှဉ်ပြိုင်မည့် AFF Mitsubishi Electric Cup 2022 ပြိုင်ပွဲ အုပ်စုမဲခွဲပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက် (ယနေ့) မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ပြုလုပ်သွားမည်ဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်ကျင်းပမည့် AFF Cup 2022 ပြိုင်ပွဲနောက်ဆုံးအဆင့်တွင် အသင်းစုစုပေါင်း ၁၀ သင်းဖြင့် ပြုလုပ်မည်ဖြစ်ပြီး အရှေ့တောင်အာရှ ၁၁ သင်းအနက် အဆင့်သတ်မှတ်ချက် အနိမ့်ဆုံးနှစ်သင်းမှာ ခြေစစ်ပွဲကစားရမည် *စာမျက်နှာ ၉ ကော်လံ ၁* ❖

**ယနေ့ သတင်းအညွှန်း**

**ပါကစ္စတန်နိုင်ငံ၌ မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် တစ်ရက်အတွင်း ၂၈ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူသန်းချီ ရေလွှမ်းမိုးမှုဒဏ်ခံစားနေရ** နိုင်ငံတကာသတင်း စာ – ၁၃

••••••••••••••••••••

**ကောလင်းမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက် လူသတ်၊ လုယက် စသည့်အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ စခန်းတစ်ခုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းပိုက်ရရှိ** ပြည်တွင်းသတင်း စာ – ၂၁